ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၄၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၄၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၈.၁၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးလှိုင်ဦး၊ ဧရာဝတီ (၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ (၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန် (၁၁)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ၎င်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညိုထွန်း၊ ရခိုင်(၁၁)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးဌေ့ယိန်း၊ ချင်း(၁၁)၊ ကျန်းမာရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁) ကျန်းမာရေးတို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် လပ်ဗီးယား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း ဖွဲ့စည်းခြင်းနှင့် အသင်းတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် လပ်ဗီးယား - မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို ၂၀၁၅ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၅ ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

အမျိုးသားလွှတ်တော် လပ်ဗီးယား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌ အဖြစ် ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဆောင်ရွက်မှာဖြစ်ပြီး အတွင်းရေးမှူးအဖြစ် ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)က ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အဖွဲ့ဝင်များကတော့ (က) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)။ (ခ) ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)။ (ဂ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)။ (ဃ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)တို့ ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် လပ်ဗီးယား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းမှာ ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် လပ်ဗီးယား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းမှာ ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁ဝး၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**လှည်းကူးမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု (မီးခိုးကန်ကွင်း)ရှိ တပ်မတော်မှ ပြန်လည် စွန့်လွှတ်လိုက်သည့် လယ်မြေများကို မူလပိုင်ရှင် လယ်သမား(၇၇)ဦးအား ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁ဝး၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က လှည်းကူးမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု (မီးခိုးကန်ကွင်း)ရှိ တပ်မတော်မှ ပြန်လည် စွန့်လွှတ်လိုက်သည့် လယ်မြေများကို မူလပိုင်ရှင်လယ်သမား(၇၇)ဦးအား ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး၀၆။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု (မီးခိုးကန်ကွင်း) ရှိ တပ်မတော်မှ ပြန်လည်စွန့်လွှတ်လိုက်သည့် လယ်မြေများအား မူလပိုင်ရှင် လယ်သမား(၇၇)ဦးမှ ပြန်လည်လျှောက်ထားခြင်းကိစ္စအပေါ် ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု၊ ကျွန်းကုန်းရွာ၊ ထိန်ချောင်ရွာ၊ ညောင်တခြမ်းရွာ၊ တံခွန်တိုင်ရွာ၊ စက်စုရွာ၊ သေနပ်ပြင်ရွာ၊ ဆားတလင်းကျေးရွာ၊ ပိုက်ကြီးဝဲရွာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များမှ စွန့်လွှတ်သည့် မြေဧက (၆၀၇.၇၅)ဧက အား တပ်/ပခုံးပြောင်း မူလပိုင်ရှင်လယ်သမားများသို့ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ လျှောက်ထားရန်ညွှန်ကြားခဲ့သဖြင့် ၁၀-၅-၂၀၁၄ ရက်နေ့ တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လိပ်မူပြီး မူလလက်ငုတ်လယ်သမား(၇၇)ဦး တို့မှ ရည်ညွှန်းပါ စာအတိုင်း ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃) လျှောက်ထားခဲ့သည်မှာ ယနေ့အထိ (၇)လကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။

မူလလျှောက်ထားချိန်တွင် ၂၀၁၄ ခုနှစ်၊ မိုးစပါးစိုက်ပျိုးကာလမီသော်လည်း တပ်မတော်မှ ပြန်လည်စွန့်လွှတ်မြေ (၆၀၇.၇၅)ဧကပေါ်တွင် ဧရိယာဧက (၁၀၀)ခန့်ကို သက်ဆိုင်ရာအဖွဲ့အစည်းများ မှ ခွင့်ပြုချက်လုံးဝမရှိဘဲ ဝင်ရောက်ထွန်ယက်စိုက်ပျိုးသူ (၃၂)ဦး ရှိနေပါတယ်။ ကျန်နေသော ဧက (၅၀၀)ခန့်ကို ပြည်သူနှင့်အစိုးရအတွက် နစ်နာခဲ့ရပါတယ်။ လက်ငုတ်လယ်သမား (၇၇)ဦးတို့သည် မျိုးစေ့မြေကျသီးနှံ မဖျက်ဆီးရဟူသော နိုင်ငံတော်ဥပဒေ လမ်းညွှန်မှုကို လေးစားလိုက်နာ၍ ဆူပူမှု (ပဋိပက္ခမှု)မဖြစ်အောင် ရှောင်ရှား၍ ဝင်ရောက်ထွန်ယက်ခြင်းများ မပြုလုပ်ကြကြောင်း သိရှိရပါတယ်။

လယ်မြေကိစ္စအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီသို့ စုံစမ်းမေးမြန်းကြည့်ရာ တွင် ၂၀၁၄ ခုနှစ်၊ မိုးစပါးသီးနှံ ရိတ်သိမ်းပြီးချိန်တွင် ဆောင်းသီးနှံကာလအမီ လက်ငုတ်လယ်သမား (၇၇)ဦး သို့ ချထားပေးမည်ဟု ပြောဆို၍ သိရှိခဲ့ရပါသည်။ ယခု တပ်မတော် စွန့်လွှတ်နယ်မြေ (၆၀၇.၇၅)ဧက အပေါ်မှာ ဧရိယာဧက(၁၀၀)ခန့်ကို ဝင်ရောက်ထွန်ယက်နေသော (၃၂)ဦး တို့အား မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီရဲ့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် နေ့စွဲပါ ညွှန်ကြားစာ ၄/၃၂-၁၀/လယ်စီ(၁၈၀)အရ ဆက်လက်ထွန်ယက်ခြင်းမပြုရန် ခေါ်ယူအသိပေး တားမြစ်ခဲ့သော် လည်း ယခုအချိန်အထိ ဆက်လက်ထွန်ယက် လုပ်ကိုင်နေကြကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ကျူးကျော်ထွန်ယက်နေမှုများအား ရှင်းလင်းဖယ်ရှားပေးပါရန်နှင့် နိုင်ငံတော် သမ္မတကြီး၏ လမ်းညွှန်မှုနှင့်အညီ လျှောက်ထားခဲ့သော တပ်/ပခုံးပြောင်း မူလလက်ငုတ်လယ်သမား (၇၇)ဦးတို့အပေါ် အမြန်ဆုံး ပြန်လည်ချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် ဒေသခံပြည်သူများ၏ ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ

ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော် သမ္မတရုံးမှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု (မီးခိုးကန်ကွင်း)မှာရှိတဲ့ တပ်မတော်မှ ပြန်လည်စွန့်လွှတ်လိုက်တဲ့ လယ်မြေများကို မူလပိုင်ရှင်လယ်သမား(၇၇)ဦးမှ ပြန်လည် လျှောက်ထားခြင်းကိစ္စအပေါ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်ပေးခဲ့တဲ့ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု ဧရိယာ (၆၀၆.၁၀)ဧကကို ဆားတလင်းကျေးရွာအုပ်စု ဧရိယာ (၁၉.၃၅)ဧက စုစုပေါင်း ဧရိယာ (၆၂၅.၄၅)ဧက ဖြစ်ပါတယ်။

အဆိုပါ ပြန်လည်စွန့်လွှတ်မြေများကို မူလလယ်သမားများထံ ယာယီလုပ်ပိုင်ခွင့် ပုံစံ(၃) ပြန်လည်ပေးအပ်နိုင်ရေးအတွက်ကို ရပ်/ကျေး၊ မြို့နယ်၊ ခရိုင်၊ မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီတို့မှ စိစစ်ဆောင်ရွက်ခဲ့ရာမှာ ကျွန်းကုန်းကျေးရွာအုပ်စုမှ လယ်မြေ (၆၀၆.၁၀)ဧကကို လယ်သမား(၇၇)ဦး နဲ့ ဆားတလင်းကျေးရွာအုပ်စုမှ လယ်မြေ(၁၉.၃၅)ဧကကို လယ်သမားတစ်ဦး စုစုပေါင်း လယ်သမား (၇၈)ဦးတို့ကို စိစစ်နိုင်ခဲ့ပါတယ်။ အဆိုပါ လှည်းကူးမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု လယ်မြေ (၆၀၆. ၁၀) ဧကကို လယ်သမား(၇၇)ဦးကိုလည်းကောင်း၊ ဆားတလင်းကျေးရွာအုပ်စုမှ လယ်မြေ (၁၉.၃၅) ဧကကို လယ်သမားတစ်ဦးကိုလည်းကောင်း၊ စုစုပေါင်း ဧက(၆၂၅.၄၅)ဧက၊ လယ်သမားပေါင်း (၇၈) ဦးကို ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ် ကြီးမှူးပြီးတော့ ၃၁-၃-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှာ အခမ်းအနားနဲ့ လယ်သမား များလက်ဝယ်ကို ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃)များကို ပေးအပ်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မော်တော်ယာဉ်များ မှတ်ပုံတင် သက်တမ်းတိုးခြင်းကို နှစ်နှစ်တစ်ခါ ကာလအပိုင်းအခြားဖြင့် ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်မှတ်ပုံတင်လိုင်စင်စာအုပ်၊ စာရွက်စာတမ်းများအစား Smart Card System ကျင့်သုံး ဆောင်ရွက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုအတွက် အိမ်စီးမော်တော်ယာဉ်များကို ကန့်သတ်တားမြစ်ချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ ရန်ကုန်နှင့် မန္တလေးမြို့များအတွက် မော်တော်ယာဉ် မှတ်ပုံတင်ကြေးများကို ထိရောက်သည့် ပမာဏတစ်ရပ်အထိ တိုးမြှင့်သတ်မှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး က မော်တော်ယာဉ်များ မှတ်ပုံတင်သက်တမ်းတိုးခြင်းကို နှစ်နှစ်တစ်ခါ ကာလအပိုင်း အခြားဖြင့် ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်မှတ်ပုံတင် လိုင်စင်စာအုပ်၊ စာရွက်စာတမ်းများအစား Smart Card System ကျင့်သုံးဆောင်ရွက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုအတွက် အိမ်စီးမော်တော် ယာဉ် များကို ကန့်သတ်တားမြစ်ချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ ရန်ကုန်နှင့် မန္တလေးမြို့များအတွက် မော်တော်

ယာဉ် မှတ်ပုံတင်ကြေးများကို ထိရောက်သည့် ပမာဏတစ်ရပ်အထိ တိုးမြှင့် သတ်မှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကော်မရှင်အဖွဲ့ဝင်ပညာရှင်ကြီးများနှင့် ဒီကနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့မြန်မာနိုင်ငံမှာ မော်တော်ယာဉ် တင်သွင်းခွင့် မူဝါဒကို ဖြေလျော့ပေးလိုက်တဲ့အတွက်ကြောင့်မို့လို့ မော်တော်ယာဉ်တွေ မြောက်မြားစွာ တင်သွင်းခွင့် ရရှိခဲ့ပါတယ်။ ဒါ ပထမဦးဆုံးအကြိမ် လွှတ်တော်များ စတင်စဉ်ကာလကတည်းက မော်တော်ယာဉ် တင်သွင်းခွင့်ကို ဖြေလျော့ပေးဖို့ လွှတ်တော်မှာ ပထမဦးဆုံး အဆိုပြုတင်ပြခဲ့တဲ့ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒီလိုမော်တော်ယာဉ်တွေ များပြားလာပြီးတဲ့အခါမှာ မြို့ထဲမှာ ယာဉ်ကြော ကြပ်တည်းမှုတွေ တော်တော်များများကို ကြုံတွေ့ ခံစားလာရပါတယ်။

အဲဒီတော့ ဒါတွေဟာ တင်သွင်းတာထက် တင်သွင်းပြီးတဲ့မော်တော်ယာဉ်တွေ အပေါ်မှာ စနစ်တကျ စီမံကွပ်ကဲမှု လိုပါလိမ့်မယ်။ ဒီလို စီမံကွပ်ကဲဆောင်ရွက်နိုင်မှသာ ဒီယာဉ်ကြော ပိတ်ဆို့မှုတွေ၊ အများပြည်သူ ခံစားနေရတဲ့ဒုက္ခတွေကို ဖြေလျော့နိုင်မယ်လို့ ဒါယူဆမိတဲ့အတွက်ကြောင့်မို့လို့ မော်တော်ယာဉ် တင်သွင်းမှုနဲ့ ဆက်စပ်တဲ့ မေးခွန်းတွေကို မေးမြန်းခွင့်ပြုဖို့ ဥက္ကဋ္ဌကြီးထံ တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီတော့ အခု ကျွန်တော်တို့ ရန်ကုန်မြို့တော်မှာဆိုရင် မော်တော်ယာဉ် စီးရေဟာ လေးသိန်း၊ ငါးသိန်းလောက် ရှိနေတယ်လို့ ဒါမြင်ရပါတယ်။ အဲဒီတော့ မော်တော်ယာဉ် အသစ်တွေ၊ ယာဉ်ဟောင်း အပ်နှံပြီးတော့ ယာဉ်သစ်တင်သွင်းခွင့် ပြုတဲ့အခါမှာ ဒါတွေဟာ တော်တော်လေးကို ကျွန်တော်တို့က ထုတ်လုပ်တဲ့ ခုနှစ်ကာလနဲ့ သိပ်မဝေးကွာတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ အဲဒီတော့ အရင် ယာဉ်ဟောင်းတွေတုန်းကလို ကြံ့ခိုင်မှုကို တစ်နှစ် တစ်ကြိမ် စစ်ဆေးနေတာဟာ ဒါ သင့်လျော်ခြင်း ရှိ/မရှိ ဆိုတာ ပြန်လည်စဉ်းစား သုံးသပ်ဖို့ အချိန် ရောက်လာပါပြီ။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် မြို့တွင်းမှာ၊ မြို့တွင်းနဲ့နီးစပ်နေတဲ့ နေရာတွေမှာ တည်ရှိနေတဲ့ ယာဉ်စစ်ဆေးတဲ့နေရာ(၂)ခု ရှိပါတယ်။ တစ်ခုကတော့ တောင်ဥက္ကလာပ မြင်သာမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ တောင်ဒဂုံ စက်မှုဇုန် အနီးမှာ ဖြစ်ပါတယ်။

အဲဒီတော့ မော်တော်ယာဉ်စစ်ဆေးဖို့ တန်းစီနေတဲ့ ယာဉ်တန်းကြီးကြောင့်မို့လို့ကို မြင်သာ ရှေ့က လမ်းမကြီးရယ်၊ တောင်ဒဂုံ စက်မှုဇုန်ရယ် ယာဉ်ကြော ပိတ်ဆို့မှုတွေဟာ နေ့စဉ်ကို ကြုံတွေ့နေရ တာပါ။ ဒါကြောင့်မို့လို့ မော်တော်ယာဉ်သက်တမ်းတိုးတဲ့ကိစ္စတွေကို (၂)နှစ်လျှင် တစ်ကြိမ်နှုန်း ဒီလို သတ်မှတ်လိုက်မယ်၊ ပြီးတော့လည်း မော်တော်ယာဉ် နံပါတ်ကို စုံဂဏန်း/မဂဏန်း ခွဲလိုက်မယ်ဆိုရင် အခု လုပ်ဆောင်နေရတဲ့ (Work)က တစ်ဝက်ကျသွားမှာပါ။ ကျွန်တော်တို့ ကန့်သတ်ချက်က ဘာရှိနေတာ လည်းဆိုတော့ အခု မော်တော်ယာဉ်အသစ်တွေ များပြားလာပေမယ့် ဝန်ထမ်းအင်အားကတော့ ဒီအတိုင်း ပါပဲ။ One-Stop-Service လည်း ဆောင်ရွက်ပေးနေပါတယ်။ ဒါပေမဲ့ ဝန်ထမ်းတွေဟာ နိုင်ကို

မနိုင်တော့ပါဘူး။ ထမင်းစားချိန်တောင် မရလောက်အောင်ကို များပြားနေတဲ့ မော်တော်ယာဉ် ပင်လယ်ကြီးထဲမှာ တကယ့်ကို နစ်မြုပ်နေရတဲ့ အနေအထား ဖြစ်ပါတယ်။

နောက်တစ်ချက်ကကျတော့ စာရွက်စာတမ်းများပါ။ ကျွန်တော်တို့နိုင်ငံဟာ e-Government စနစ်ကိုလည်း ကျင့်သုံးဖို့လုပ်နေတယ်။ ကျွန်တော်တို့ တော်တော်များများမှာ Smart Card System ကျင့်သုံးနေပါပြီ။ လူမှုဖူလုံရေး Card တွေ၊ နောက်တစ်ခါ Pension ပေးတဲ့နေရာတွေမှာ။ အဲဒီတော့ Smart Card ဆိုတဲ့နေရာမှာလည်း သူက အဆင့်ဆင့်ရှိပါတယ်။ တကယ့်အဆင့်မြင့်ဆုံးသော Smart Card တွေဆိုရင်တော့ ဒီ Smart Card တစ်ခုကို သုံးလိုက်တာနဲ့ Data တွေ အကုန်လုံးရလာပါမယ်။ အနိမ့်ဆုံးတော့ Tool bar System လောက်အထိ Bar Code System လောက်ကို ပြောင်းသုံးနိုင်မယ် ဆိုရင် ဒီစာအုပ်တွေ၊ စာရွက်စာတမ်းတွေ ဖြည့်ရတဲ့ အချိန်ကြာမြင့်မှုတွေဟာလည်း အများကြီး လျော့ကျသွားမှာဖြစ်ပါတယ်။ ဒီလို ဖြည့်သွင်းနေရတဲ့ အချိန်ကြာမြင့်မှုတွေဟာလည်း ဒါတွေဟာ ယာဉ် စစ်ဆေးတဲ့နေရာမှာ ကြန့်ကြာနေတယ်ဆိုတာကို တင်ပြလိုပါတယ်။

နောက်တစ်ပိုင်းကတော့ ကျွန်တော်တို့ ယာဉ်ကြောပိတ်ဆို့တဲ့နေရာမှာ Public Transportation ဖြစ်တဲ့ ဒီ Bus Car တွေ၊ Taxi တွေနဲ့ မတူတဲ့ အိမ်စီးမော်တော်ယာဉ်တွေကို ကန့်သတ်ဖို့လည်း လိုပါလိမ့်မယ်။ အခုဟာက ကျွန်တော်တို့ လွတ်လပ်စွာ တင်သွင်းခွင့်ပြုတဲ့အချိန်မှာ အထူးအားဖြင့် ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော်ကြီးတွေလို နေရာမျိုးတွေမှာ အိမ်ထောင်စုတစ်စုမှာ ကား(၅)စင်း၊ (၆)စင်းလောက် ရှိနေတာမျိုးတွေ ရှိနေပါတယ်။ ဖအေက တစ်စင်း၊ မအေက တစ်စင်း၊ သားက တစ်စင်း၊ သမီးက တစ်စင်း ဒီလိုစီးနင်းနေတဲ့အခါကျတော့ တချို့နိုင်ငံတွေမှာဆိုရင်တော့ ကန့်သတ်ချက်တွေလုပ်ပါတယ်။ အဲဒါက Down Town Area ထဲ ဝင်မယ်ဆိုရင် Four Seating ကား၊ ဥပမာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်မှာဆိုရင် (၄)ယောက်စီးလို့ရတဲ့ကားဟာ (၃)ယောက် တင်ဆောင်လာမှ မြို့ထဲကို ဝင်ခွင့်ပြုပါတယ်။ (၂)ယောက်ဆိုရင် သူက ဝင်ခွင့်မပြုပါဘူး။ ယာဉ်မောင်းရယ်၊ နောက်ထပ်တစ်ဦးရယ် ဆိုရင်တောင် ဒါ ကားရဲ့ Capacity ကို အပြည့်အစုံ အသုံးချနိုင်ဖို့ ဖြစ်ပါတယ်။

အခုနက တင်ပြတဲ့အထဲမှာ လုပ်ငန်းသုံးဆိုင်ရာ မော်တော်ယာဉ်တွေ၊ နောက် Public Transportation ယာဉ်တွေ မပါပါဘူး။ အိမ်စီးယာဉ် သက်သက်ကိုပဲ ပြောတာပါ။ နောက်ပြီးတဲ့ အခါကျတော့ မြို့တွင်း Down Town Area ကို ဒီနေ့တော့ဖြင့် စုံဂဏန်း နံပါတ်ကားပဲ ဝင်ခွင့်ပြုမယ်။ ဒီနေ့တော့ဖြင့် မဂဏန်း နံပါတ်ကားပဲ ဝင်ခွင့်ပြုမယ်။ ဒါမျိုးခွဲခြားပြီးတော့ လုပ်တာလည်း ရှိပါတယ်။ အခုဟာကတော့ ရေတိုဖြေရှင်းတဲ့နည်းတွေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့များက ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ တင်ပြရမယ်ဆိုရင်တော့ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် ခုံးကျော်တံတားတွေ ဆောက်နေပါတယ်။ ဆောက်ပေမယ့် ဒီပွိုင့်တစ်ခုကို ကျော်သွားပြီးရင် ဟိုပွိုင့်တစ်ခုက ထပ်ပြီးတော့ပိတ်သွားတာပါ။ ကျွန်တော်တို့က ခုံးကျော်တံတားတွေဆိုတာထက် အခု လုပ်တော့လည်းလုပ်နေပါပြီ ဒီဟာတွေဟာ။ ဒါပေမဲ့ ဒီထက်မြန်မြန်ဆန်ဆန်လုပ်ဖို့ လိုပါတယ်။ ဘန်ကောက်တို့၊ ဘာတို့မှာလို အိမ်နီးချင်း အနီးဆုံး ဘန်ကောက်ကိုပဲ ပြောတာပါ။ အတွင်းပတ်လမ်း၊ အပြင်ပတ်လမ်း ဒီလို အပေါ်ကနေပြီး လမ်းမကြီးတွေ ချိတ်ဆက်ပြီး ဆောင်ရွက်လို့ရမှာပါ။ ခုံးကျော်တစ်ခုဟာ ပွိုင့်တစ်နေရာကိုပဲ Traffic Point မီးပွိုင့်တစ်ခု ကိုပဲ ဖြေရှင်းလို့ရပါတယ်။ နောက် မီးပွိုင့်တစ်ခုကို ဆက်ပြီးပိတ်သွားမှာပါ။ အဲဒီတော့ ဒီလို နှစ်ထပ်လမ်း

ကြီးတွေ လုပ်ဖို့လိုနေပါပြီ။ ခုံးကျော်တွေကို ဟိုနေရာတစ်ခု၊ ဒီနေရာတစ်ခု တည်ဆောက်နေတာဟာ ဒါ မှန်ကန်တဲ့ဖြေရှင်းနည်း မဟုတ်ပါဘူး။

နောက်တစ်ခုကကျတော့ မြို့ဝင်ကြေးတွေ တိုးမြှင့်ကောက်ခံတာပါ။ မြို့ဝင်ကြေးတွေ တိုးမြှင့် ကောက်ခံတဲ့အခါကျတော့ ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် သံလျှင်ဘက်ကနေပြီးတော့ မြို့ထဲဝင်လာ မယ့် ယာဥ်တွေဟာဆိုရင်လည်း မြို့ဝင်ကြေး ဒီလိုပေးဆောင်ရတဲ့ သဘော ဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အပြင်ကို ရောက်သွားတဲ့ယာဥ်တွေဟာ အဲဒီဘက်က နေပြီးတော့ နေ့စဥ် ရုံးတက်/ရုံးဆင်းလုပ်မယ်။ ဒါမှမဟုတ်ရင်လည်း လုပ်ငန်းကိစ္စနဲ့လာမယ်ဆိုရင် ဒီမြို့ဝင်ကြေးက အမြဲတမ်း ပေးဆောင်နေရသလို ဖြစ်ပါတယ်။ ဒါဟာလည်း ဒါထိရောက်တဲ့ ဖြေရှင်းနည်း မဟုတ်ကြောင်း တင်ပြလို ပါတယ်။ နောက်အဆိုးဆုံးတစ်ချက်ကတော့ Car Parking ပါ။ Car Parking ရှိမှ ယာဥ်တင်သွင်းခွင့် ပြုမယ်။ Down Town Area တွေ အကုန်လုံးဟာ ရန်ကုန်ရော၊ မန္တလေးရောဟာ တကယ့် Limited Area ဖြစ်နေပါပြီ။

အဲဒီတော့ Car Parking တွေကိုပဲ ကျွန်တော်တို့က အများပြည်သူရပ်နားနိုင်တဲ့ Car Parking တွေကိုလည်း လုံလောက်စွာ ထပ်မြှင့် Car Parking ကြီးတွေ ဒီလိုတည်ဆောက်ပေးနိုင်ခြင်း မျိုးမရှိသေးဘဲနဲ့ Car Parking ရှိမှ တင်ပြဖို့ဆိုရင် ဒီ Car Parking Permit ကိုရောင်းစားတဲ့ ဈေးကွက်တစ်ခု ဒါ ပေါ်လာနိုင်ပါတယ်။ ဒါတွေအကုန်လုံးကတော့ ဒါ ဥပမာအနေနဲ့ တင်ပြခြင်းဖြစ်ပါ တယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဟာတွေအပေါ်မှာ အခြေခံပြီးတော့ ဘယ်လိုထိရောက်စွာဆောင်ရွက် လည်းဆိုတာ ဒါကိုတော့ ဒါ သေချာကျကျနန စဥ်းစားဖို့လိုပါတယ်။ ခုံးကျော်တံတားဆောက်လိုက်မယ်။ မြို့ဝင်ကြေးကောက်လိုက်မယ်။ Car Parking ကန့်သတ်လိုက်ရင် ပြီးတာပဲဆိုပြီးတော့ မဟုတ်ဘဲနဲ့ ဖြေရှင်းတဲ့နည်းလမ်း၊ ဘယ်လိုဖြေရှင်းပေးရမလည်းဆိုတာ တကယ့် မြို့ပြစီမံကိန်းဆိုင်ရာ၊ နောက်တစ်ခါ ဒီမော်တော်ယာဥ်ပြေးဆွဲတဲ့ လမ်းတွေ၊ တံတားတွေ စနစ် System နဲ့ဆိုင်တဲ့ ပညာရှင်တွေနဲ့ တိုင်ပင် သုံးသပ်ပြီးတော့ ဆောင်ရွက်သင့်ကြောင်းကို တင်ပြလိုပါတယ်။

နောက်ဆုံးအချက်ကတော့ ကျွန်တော်တို့ ရန်ကုန်-မန္တလေးလို လူဦးရေ ထူထပ်သိပ်သည်းတဲ့ Population Densities များတဲ့မြို့ကြီးတွေမှာ ဟုတ်ပြီ ကိုယ်ပိုက်ဆံတတ်နိုင်လို့ ကိုယ်ကားဝယ်စီးတာပဲ။ မှန်ပါတယ်။ စီးပါ။ ကိုယ်ပိုက်ဆံတတ်နိုင်လို့ ကိုယ်ရဲ့ Fuel လောင်စာကို ခတ်ဆီ ဒါမှမဟုတ် ဒီဇယ်ထည့်ပြီးတော့ စီးတာပဲ စီးပါ။ ထိုက်သင့်တဲ့ ကျွန်တော်တို့ ဒီ မော်တော်ယာဥ်လိုင်စင် မှတ်ပုံတင် ကြေး (၁)နှစ် ဒါမှမဟုတ်လည်း (၂)နှစ်ဆိုရင် (၂)နှစ်ကို ဘယ်လောက် ကျွန်တော် တင်ပြထားတဲ့အတိုင်း (၂)နှစ်အဖြစ်ပြောင်းမယ်ဆိုလည်း (၁)နှစ်ကိုဘယ်လောက် (၂)နှစ်မှာ တစ်ခါဆောင်ရတယ်။ အဲဒီလို ထိုက်တန်တဲ့ နှုန်းထားတစ်ခု သတ်မှတ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ပိုက်ဆံရှိလို့ မော်တော် ကားဝယ် စီးနေတာပဲ ကိုယ့်ဟာကိုယ်တတ်နိုင်လို့စီး (၂)စင်းဝယ်စီးလည်း ဘာဖြစ်လဲ။ (၃)စင်းဝယ်စီးလည်း ဘာဖြစ် လဲဆိုတာတွေက ဒါထိရောက်တဲ့ ဟန့်တားမှုမျိုးဖြစ်လာမှာပါ။ မော်တော်ယာဥ်ဆိုတာဟာ မရှိမဖြစ် သုံးစွဲရမယ့် အရာဝတ္ထုမျိုး ပစ္စည်းမျိုး ဖြစ်ပါတယ်။ ဂုဏ်တု ဂုဏ်ပြိုင်နဲ့စီးနေစရာလည်း မလိုပါဘူး။ ဟုတ်လား ဒီလိုနဲ့ပဲ တဖြည်းဖြည်း တစ်ယောက်ကနေ တစ်ရာ ဖြစ်လာတဲ့အခါမှာ ဒီယာဥ်ကြော ပိတ်ဆို့မှု တွေနဲ့ အင်မတန်မှ ပြည်သူတွေဟာ အခက်အခဲ ကြုံတွေ့နေရတာဖြစ်ပါတယ်။

အဲဒီတော့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဆွေးနွေးတင်ပြခဲ့တဲ့ အချက်တွေ အပေါ်မှာ အခြေခံပြီးတော့ မေးခွန်းမေးလိုပါတယ်။ (၁)မေးခွန်းကတော့ ကျွန်တော်တို့ မော်တော်ယာဉ် သက်တမ်းတိုးမြှင့်ခြင်းကို လက်ရှိကျင့်သုံးနေတဲ့ တစ်နှစ်လျှင် တစ်ကြိမ် ဆောင်ရွက်တဲ့အစား နှစ်နှစ်လျှင် တစ်ကြိမ်သို့ ပြောင်းလဲပြီးတော့ တစ်နှစ်မှာ မော်တော်ယာဉ် နံပါတ်(စုံ/မ)ခွဲခြားပြီးတော့ ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိဖြစ်ပါတယ်။ (၂) စာအုပ်ကတော့ မော်တော်ယာဉ်မှတ်ပုံတင် လိုင်စင် စာအုပ်နဲ့ ဆက်စပ်စာရွက်စာတမ်းများ၊ ဆက်စပ်စာရွက်စာတမ်းများမှာတော့ ကျွန်တော်တို့ VIC Card တို့ ဒီ ယာဉ်မောင်းလိုင်စင်တို့ ဝိုးတက် တို့ ဒါတွေကတော့ ကျွန်တော်တို့ Code System နဲ့ သွားနေပါပြီ။ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ကိုလည်း Code System နဲ့ ဒါမှမဟုတ်ရင်လည်း အကောင်းဆုံး ကတော့ အားလုံးကို Smart Card System ဖြင့် ပြောင်းလဲ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို မေးမြန်းလိုပါတယ်။

(၃) မေးခွန်းကတော့ ဒီ မြို့ထဲမှာ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်ရန်အတွက် အိမ်စီး မော်တော်ယာဉ်တွေကို ခုနက တင်ပြသွားတဲ့ နည်းလမ်းတွေနဲ့ ကျွန်တော်တို့ ဒါ မြို့တွင်းကိုဝင်မယ့် နေရာတွေကို ကန့်သတ် ဆောင်ရွက်တာတို့ ဘာတို့ အဲဒီလိုနည်းလမ်းတွေနဲ့ ပိုင်းခြားကန့်သတ် ဆောင်ရွက်ဖို့ အစီအစဉ် ရှိ/မရှိဖြစ်ပါတယ်။ နောက်ဆုံး (၄)အချက်ကတော့ စီးပွားရေးမြို့တော် ရန်ကုန်နဲ့ ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့တို့မှာ သူ့မြို့နဲ့သူ သူ့ Population လူဦးရေ သိပ်သည်းမှုနဲ့ မော်တော်ယာဉ် သိပ်သည်းမှုပေါ်မှာ မူတည်ပြီးတော့ မော်တော်ယာဉ်လိုင်စင်မှတ်ပုံတင် ကြေးတွေကို စင်ကာပူနိုင်ငံမှာ ဆောင်ရွက်သလိုမျိုး ထိရောက်တဲ့ ပမာဏတစ်ရပ်ထိ တိုးမြှင့်ဆောင်ရွက်သတ်မှတ်နိုင် ခြင်း ရှိ/မရှိ ကို ဒါ လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရန်ကုန် တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းထားတဲ့ မေးခွန်းလေးခုကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့နဲ့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ရဲ့ကိုယ်စား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးချန်မောင် က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ မေးမြန်းထားတဲ့ မေးခွန်းကတော့ မော်တော်ယာဉ်သက်တမ်းတိုးမြှင့်ခြင်းကို လက်ရှိကျင့်သုံးနေတဲ့ (၁)နှစ်မှာ (၁)ကြိမ်အစား (၂)နှစ်လျှင် (၁)ကြိမ်ပြောင်းလဲပြီးတော့ တစ်နှစ်စီမှာ မော်တော်ယာဉ် နံပါတ်(စုံ/မ)ခွဲခြားဆောင်ရွက်တဲ့ စနစ်သို့ ပြောင်းလဲဆောင်ရွက်နိုင်ခြင်းရှိ/မရှိဆိုတဲ့

မေးခွန်းကို ရှေးဦးစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနက မော်တော်ယာဥ်တွေကို (၁)နှစ်မှာ(၁)ကြိမ် သက်တမ်းတိုးဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်လည်း ၁၅-၁၁-၂၀၁၂ ရက်နေ့ကစပြီး Brand New သွင်းလာတဲ့ ကိုယ်ပိုင်လူစီးမော်တော်ယာဥ်တွေကိုတော့ ကနဦးမှတ်ပုံတင်ချိန်မှာ သက်တမ်း(၃)နှစ်ထိ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဦးစွာ တင်ပြလိုပါတယ်။ ယာဥ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနဲ့ ပြည်သူများ ပိုမိုအဆင်ပြေစေရေးအတွက် နှစ်ဖက်မျှအောင် စဥ်းစားပြီးတော့ ကိုယ်ပိုင်လူစီးယာဥ်ငယ်များကို ယာဥ်အိုယာဥ်ဟောင်းအပ်နှံပြီးတော့ အစားထိုးတင်သွင်းမှု စတင်ခဲ့တဲ့ ၆(ဂ) အက္ခရာယာဥ်နဲ့အထက် အက္ခရာပါတဲ့ ကိုယ်ပိုင် လူစီးယာဥ်ငယ်တွေကို နှစ်လဲသက်တမ်းတိုးခြင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့အတိုင်း (၂)နှစ်မှာ (၁)ကြိမ် သို့ ပြောင်းလဲဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒါပေမယ့်လည်း ယာဥ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အငှားယာဥ်များ၊ ခရီးသည်တင်ယာဥ်များ၊ ယာဥ်ကြီးများ၊ စက်မှုဇုန်ထုတ်ယာဥ်များ၊ ၆(ဂ)အက္ခရာအောက် ယာဥ်ငယ်တွေကိုတော့ လက်ရှိအတိုင်း (၁)နှစ်မှာ (၁)ကြိမ်နဲ့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းအားဖြင့်လည်း ထိုက်သင့်တဲ့ အရေအတွက်ကွဲပြားသွားမှာ ဖြစ်ပြီးတော့ ကျွန်တော်တို့ ကညနအနေနဲ့လည်း လုပ်ငန်းဆောင်ရွက်တာ မြန်ဆန်လွယ်ကူသွားတာ ဖြစ်သကဲ့သို့ လုပ်ငန်းလာရောက်ဆောင်ရွက်သော ပြည်သူလူထုအနေနဲ့လည်း ကြန့်ကြာမှုမရှိဘဲ ယခင်ထက် မြန်ဆန်လွယ်ကူစွာ ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက် ဒုတိယမေးခွန်းဖြစ်တဲ့ မော်တော်ယာဥ်မှတ်ပုံတင်လိုင်စင် စာအုပ်နဲ့ ဆက်စပ်စာရွက်စာတမ်းများနေရာမှာ Smart Card System သို့ ပြောင်းလဲဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားသွားပါမယ်။ ယာဥ်မောင်းလိုင်စင်ကိုတော့ တုပဖို့ ခက်ခဲတဲ့ P.V.C Card နဲ့ ယာဥ်မောင်းလိုင်စင် အစားထိုးဆောင်ရွက်ခြင်းကို ရုံးတွေအလိုက် အဆင့်ဆင့် ဆောင်ရွက်ရာမှာ ပြည်နယ်/တိုင်းဒေသကြီးတွေကို ၂၀၁၀ ခုနှစ်၊ မတ်လမှာ အပြီးဆောင်ရွက်နိုင်ခဲ့ပြီးတော့ ကျန်ခရိုင်ရုံးတွေကိုတော့ ၉-၁၀-၂၀၁၂ ရက်နေ့အပြီး တပ်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ ကတ်ပြားထဲမှာ မျက်မြင်တွေ့ရတဲ့ အချက်တွေအပြင် လုံခြုံမှုအတွက် Enter-Fires ဓာတ်မီးနဲ့ ထိုးကြည့်မှ မြင်ရတဲ့ ပုံရိပ်လေးခုနဲ့ လိုင်စင်အမှတ် မှတ်ပုံတင်အမှတ် ထည့်ထားတဲ့ 2D Bar Code တစ်ခုလည်း ထည့်ထားကြောင်း ဖြေကြားအပ်ပါတယ်။

အလားတူ ဓာတ်ပုံပါတဲ့ ယာဥ်မှတ်ပုံတင် သက်သေခံလက်မှတ် ဗီးတက်ကိုလည်း နိုင်ငံတကာအဆင့်လုံခြုံမှု အဆင့်ရှိတဲ့ မော်တော်ယာဥ် သက်သေခံလက်မှတ်အဖြစ် ကွန်ပျူတာနဲ့ ပြောင်းလဲထုတ်ခြင်းကို ရုံးချုပ်ကနဦးမှာ ၆-၁၀-၂၀၁၁ ရက်ကစပြီး ဆောင်ရွက်ခဲ့ပါတယ်။ ကျန် ပြည်နယ်/တိုင်းဒေသကြီးရုံးတွေကိုတော့ ၅-၁၂-၂၀၁၁ ရက်နေ့နှင့် ခရိုင်ရုံးတွေအားလုံးကိုတော့ ၁၉-၁၂-၂၀၁၁ ရက်နေ့က စတင်ဆောင်ရွက်လျက်ရှိပါတယ်။ လုံခြုံမှုအတွက် မှတ်ပုံတင်သက်သေခံ လက်မှတ် Wheeltet မှာ Enter-Fires ဓာတ်မီးနဲ့ ထိုးကြည့်မှ မြင်ရတဲ့ပုံရိပ်လေး (၅)ခုကို ထည့်ထား ပါတယ်။

အလားတူပဲ အနည်းဆုံး(၁၅)ဆ ချဲ့ပြီးတော့ ကြည့်နိုင်တဲ့ မှန်ဘီလူးနဲ့ ကြည့်မှသာ မြင်ရတဲ့ မိုက်ခရိုက်တက် စာတမ်းတွေ အဲဒီထဲမှာ ထည့်ထားပါတယ်။ ပြီးရင် ယာဥ်အမှတ်၊ ဘောင်အမှတ်၊

ကုန်ဆုံးရက်စွဲများပါရှိတဲ့ 2D Bar Code တွေလည်း ထည့်ထားကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ အသုံးပြုနေတဲ့ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် Owner Book ကိုတော့ ပုံနှိပ်ထုတ်လုပ်မှုကို လုံခြုံမှု အဆင့်ရှိတဲ့ ဝါဇီစက်ရုံကို အပ်နှံဆောင်ရွက်လျက် ရှိပါတယ်။ စာအုပ်ပါအချက်တွေကို ရုံးအားလုံးကို ၆-၅-၂၀၁၃ ကနေစပြီးတော့ ယခင်က လက်ရေးနဲ့ရေးပြီး ဖြည့်သွင်းခြင်းအစား Printer နဲ့ Print ထုတ်ခဲ့ပါတယ်။ အဲဒီစာအုပ်အစား Smart Card System ပြောင်းလဲကျင့်သုံးမယ်ဆိုရင် Smart Card ရဲ့ မျက်နှာပြင်ဟာ သာမန်အားဖြင့် အလျား(၃.၃၇၀)လက်မနဲ့ အနံ(၂.၂၁၅)လက်မခန့်သာရှိတဲ့ အတွက်ကြောင့် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်မှာပါတဲ့ အချက်အလက်တွေ အားလုံးကိုတော့ မျက်နှာပြင်ပေါ်မှာ ရိုက်နှိပ်ခြင်းရှိနိုင်မှာ မဟုတ်ပါဘူး။ Memory Chip ထဲမှပဲ ထည့်ထားရမှာဖြစ် ပါတယ်။

ဒါကြောင့်တာဝန်ရှိသူတွေအနေနဲ့ အလွယ်တကူ စစ်ဆေးဖို့အတွက် အခက်အခဲရှိသလိုမျိုး အများပြည်သူတွေအနေနဲ့လည်း မှတ်ပုံတင်စာအုပ်ကို အလွယ်တကူမှတ်သားဖတ်ရှု သိရှိနိုင်မည် မဟုတ်ပါဘူး။ လိုအပ်လို့ ကြည့်ရှုမည်ဆိုရင် စစ်ဆေးနိုင်ရန်အတွက် ကိရိယာ(Decoder)လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် Smart Card ရဲ့ လုံခြုံမှုအဆင့်ပေါ်မူတည်ပြီးတော့ ကုန်ကျစရိတ်များလည်း တိုးမြှင့်သုံးစွဲရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ခန့်မှန်းတွက်ချက်နှုန်းအရ ရုံးချုပ်ရယ်၊ ပြည်နယ်ရယ်၊ တိုင်းဒေသကြီးရယ်၊ ခရိုင်ရုံး ကျွန်တော်တို့ မှာ စုစုပေါင်း(၅၅)ရုံး ရှိပါတယ်။ အဲဒီ(၅၅)ရုံးကို အသုံးပြုဖို့အတွက် Hard Ware နှင့် Soft Ware လိုအပ်မှုအတွက် ခန့်မှန်းခြေစုစုပေါင်း ကျပ်(၇၄၉)သန်းခန့် နဲ့ စက်ပစ္စည်းများ ထိန်းသိမ်းစရိတ်နဲ့ နှစ်စဉ် ကျပ်(၂၇.၅)သန်းလောက်သုံးမှသာ ဒီ Smart Card ကိုပြောင်းနိုင်မယ်လို့ ကျွန်တော်တို့ ခန့်မှန်းရရှိပါတယ်။ လက်ရှိသုံးစွဲနေတဲ့ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ရဲ့ တန်ဖိုးက ကျွန်တော်တို့ (၅၀၀)ကျပ်ဖြစ်ပါတယ်။ သက်တမ်း(၅)ကြိမ် ကျွန်တော်တို့ အဲဒီထဲမှာ အသုံးပြုနိုင်ပါတယ်။ Smart Card ကိုပြောင်းမယ်ဆိုရင် ကျွန်တော်တို့ ခုနကတင်ပြတဲ့ ဈေးနှုန်းအရရှိတဲ့ Smart Card ကိုသုံးမယ်ဆိုရင်တော့ အထဲမှာပါတဲ့ Capacity နည်းတဲ့အတွက် သက်တမ်း(၃)ကြိမ်သာသုံးနိုင်မှာဖြစ်ပါတယ်။ ကတ်ပြားတစ်ပြားအနေနဲ့ ကျပ်(၅၀၀၀)လောက် ကုန်ကျမှာဖြစ်ကြောင်း သိရပါတယ်။ အဲဒီအခြေအနေအရ Smart Card ကို ပြောင်းသုံးစွဲခြင်းဟာ ယာဉ်ပိုင်ဆိုင်တဲ့ ပြည်သူတွေအတွက် Smart Card ပြုလုပ်တဲ့ Computer နဲ့ ဆက်စပ်ပစ္စည်းတွေ တင်သွင်းရောင်းချတဲ့ သူတွေသာ ပိုပြီးတော့ အကျိုးဖြစ်နိုင်ဖြစ်ကြောင်း သုံးသပ်ရရှိတဲ့အတွက်ကြောင့် လတ်တလောအခြေအနေအရ ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ တတိယမေးခွန်းဖြစ်တဲ့ စီးပွားရေးမြို့တော် ရန်ကုန်ဟာ ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းနိုင်ရန်အတွက် အိမ်စီးမော်တော်ယာဉ်များကို တင်ဆောင်နိုင်တဲ့ လူဦးရေပြည့်မှ မြို့တွင်း မြို့နယ်များသို့ ဝင်ရောက်စေခြင်း၊ မြို့တွင်း မြို့နယ်များသို့ မော်တော်ယာဉ်နံပါတ် စုံဂဏန်း မဂဏန်း အလိုက် နေ့ရက်ပိုင်းခြား ကန့်သတ် သတ်မှတ်ဝင်ရောက်ခွင့်ပြုခြင်း အစရှိတဲ့ ကန့်သတ်ချက်များနဲ့ ဆောင်ရွက်ချမှတ်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို ဆက်လက်ဖြေကြားသွားပါမယ်။

စီးပွားရေးမြို့တော် ရန်ကုန်မှာ ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ခုံးကျော်တံတားများ တည်ဆောက်ခြင်း၊ ယာဉ်မရပ်ရလမ်းတွေ သတ်မှတ်ပြီးတော့ ရပ်တဲ့ယာဉ်တွေကို ကရိန်းကားနဲ့လည်းကောင်း၊ မှတ်သားဖမ်းဆီးခြင်းဖြင့်လည်းကောင်း အရေးယူ

ဆောင်ရွက်ခြင်း၊ ဘတ်စ်ကားကြီးတွေကို လမ်းကြောင်းသတ်မှတ်ပြီး ပြေးဆွဲစေခြင်း၊ မီးပွိုင့်တွေကို ဂျပန်နည်းစနစ်နဲ့ အလိုအလျောက် ဆောင်ရွက်သည့်စနစ်သို့ ပြောင်းလဲတပ်ဆင်ပေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ပြီးတော့ ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ရန်ကုန်မြို့အတွင်းသို့ ဝင်ရောက်တဲ့ ကျန်တိုင်းဒေသကြီး ပြည်နယ်က ယာဉ်တွေကို မြို့ဝင်ကြေးတိုးပြီးတော့ ကောက်ခံခြင်းများနဲ့ ဖြေရှင်း ဆောင်ရွက်နေပြီးတော့ ၁-၁-၂၀၁၅ ကနေစပြီး ပြည်ပက တင်သွင်းလာတဲ့ ယာဉ်တွေကို မော်တော် ယာဉ်ရပ်နားရန်နေရာ Car Parking ရှိမှသာ မော်တော်ယာဉ်တင်သွင်းခွင့်ပြုခြင်းများနဲ့ ယာဉ်အစီးရေ နည်းအောင်ဆောင်ရွက်လျက်ရှိပါတယ်။ အိမ်စီးမော်တော်ယာဉ်များကို တင်ဆောင်နိုင်တဲ့ လူဦးရေ ပြည့်မှသာ မြို့တွင်းမြို့နယ်များသို့ ဝင်ရောက်စေခြင်းနဲ့ မြို့တွင်းမြို့နယ်များသို့ မော်တော်ယာဉ် စုံဂဏန်း မဂဏန်းအလိုက် နေ့ရက်ပိုင်းခြား ကန့်သတ်ခြင်းဆောင်ရွက်ရန် လောလောဆယ် အစီအစဉ် မရှိသေး ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ နောက်ဆုံးမေးခွန်းဖြစ်တဲ့ စီးပွားရေးမြို့တော်ရန်ကုန်နဲ့ ယဉ်ကျေးမှု မြို့တော် မန္တလေးတို့ မော်တော်ယာဉ်လိုင်စင်မှတ်ပုံတင်ကြေးကို ထိရောက်တဲ့ ပမာဏတစ်ရပ်ထိ တိုးမြှင့် သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ယခင်က တစ်နိုင်ငံလုံးမှာ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ယာဉ်စစ်ဆေးခကို(၂၀၀)ကျပ်မှ (၄၀၀)ကျပ်အထိ နှစ်လဲမှတ်ပုံတင်ခကို (၅၀၀)ကျပ်မှ (၄၀၀၀)ကျပ်ထိ ယာဉ်အမျိုးအစားအလိုက် ကောက်ခံခဲ့ပါတယ်။ ၁-၈-၂၀၁၄ ရက်နေ့ကစပြီးတော့ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အုပ်စု(၃)စု ခွဲပြီးတော့ ရန်ကုန်နဲ့ မန္တလေးတို့ပါဝင်တဲ့ အုပ်စု(၁)မှာ ယာဉ်စစ်ဆေးခနှုန်းထားများကို ယခင်(၂၀၀) (၄၀၀)ကနေပြီးတော့ (၅၀၀၀)ကနေ(၁၀၀၀၀)ကျပ်အထိသို့ လည်းကောင်း၊ အုပ်စု(၁)ရဲ့ ယာဉ်မှတ်ပုံတင် ခကို ယခင်(၅၀၀)(၄၀၀၀)ကနေပြီးတော့ (၁၅၀၀၀)ကနေ (၄၀၀၀၀)ကျပ်ထိလည်းကောင်း တိုးမြှင့် ပြောင်းလဲကောက်ခံလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးမေးမြန်းထားတဲ့အတိုင်း ယာဉ်စစ်ဆေးခကို(၂၅)ဆ၊ ယာဉ်မှတ်ပုံတင်ခကို (၁၀)ဆကနေ အဆ(၃၀)အထိ အသီးသီးတိုးမြှင့် ကောက်ခံလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ သက်ဆိုင်နေတဲ့ မေးခွန်းတွေကိုတော့ မမေးတော့ပါဘူး။ ဒီ ကျွန်တော်တို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ တိုက်ရိုက် သက်ဆိုင်တဲ့ မေးခွန်းပဲမေးပါမယ်။ ကျွန်တော်တို့ ဒီ ကညနရုံးတွေရဲ့ ဖွဲ့စည်းပုံအင်အားက မော်တော်ယာဉ် တင်သွင်းမှုမူဝါဒ ဖြေလျှော့မှုမပြုခင်တုန်းကလည်း ဒီအင်အားပဲဖြစ်ပါတယ်။ ဒီအနေအထားပဲဖြစ်ပါ တယ်။ အဲဒီတော့ Human Resource ပေါ့နော်။ ဒီလူဦးရေ နောက်ဖွဲ့စည်းပုံကလည်း ကျွန်တော်တို့ သုံးပုံနှစ်ပုံ ကန့်သတ်ချက်အင်အားနဲ့ပဲ ဆောင်ရွက်နေရတယ်လို့ လေ့လာသိရှိထားရပါတယ်။ ဒါတွေကို တိုးမြှင့် ဆောင်ရွက်ပေးဖို့ ရှိ/မရှိဆိုတာ သိချင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ခုနလို ၆(ဂ)နဲ့အထက်ဆိုတာ မူဝါဒဖြေလျှော့ပြီးတော့မှ ပေါ်ပေါက်လာတဲ့ မော်တော်ယာဉ်တွေပါ။ နဂိုကျန်ခဲ့တဲ့ မော်တော်ယာဉ်တွေ ရှိနေပါသေးတယ်။

အဲဒီတော့ ဒီဟာကို (၂)နှစ်(၁)ကြိမ်ဆောင်ရွက်လိုက်မယ် ကျန်တာတွေကတော့ (၁)နှစ်(၁) ကြိမ်ပဲ ဆက်ပြီးတော့ဆောင်ရွက်နေတယ်ဆိုတော့ ဒီဖွဲ့စည်းပုံအင်အားနဲ့ လုံလောက်ခြင်းမရှိတဲ့အတွက်

ကြောင့်မို့လို့ ဒါကို ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးမလဲဆိုတာ တစ်ချက်သိချင်ပါတယ်။ နောက်တစ်ခုက ဒုတိယဝန်ကြီးဖြေကြားသွားတာ မှန်ပါတယ်။ Decoder တွေလိုပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ Taxi တွေမှာ ကျွန်တော်တို့ Taxi  မီတာတွေတပ်ပြီးတော့ အများကလည်း ဝေဖန်ပါတယ်။ တပ်တဲ့ ကုမ္ပဏီတွေပဲ ကြီးပွားသွားတာပဲ ဘယ်သူမှ Taxi မီတာနဲ့ မစီးဘူးဆိုတာ၊ ဒါပေမဲ့ စနစ်တစ်ခု၊ နိုင်ငံသစ်တစ်ခု တည်ဆောက်တဲ့အခါမှာ ကျွန်တော်တို့က မရ ရအောင်သွားမှဖြစ်ပါမယ်။ ရသလောက်လေးနဲ့ပဲ နေနေရင် ကျွန်တော်တို့ ဖြစ်မှာမဟုတ်ပါဘူး။ Decoder လိုမှာ မှန်ပါတယ်။ မော်တော်ယာဉ်စစ်ဆေးတဲ့ ပုဂ္ဂိုလ်တွေကအစ ဒီ Decoder လေးတွေကိုင်ပြီးတော့ နိုင်ငံရပ်ခြား နိုင်ငံတကာ တိုင်းပြည်တွေမှာလည်း ဒီလိုပဲစစ်ဆေးနေတာပါ။

အဲဒီတော့ Budget ကိုတော့ ကျွန်တော်တို့ ဒီထက်တိုးမြှင့်ပြီးတော့ ချထားပေးမယ်ဆိုရင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိဆိုတာလေးလည်း ဒါ ဒုတိယအနေနဲ့ မေးမြန်းလိုပါတယ်။ နောက်ဆုံး မေးမြန်းလိုတဲ့အချက်ကတော့ ခုနက ဒုတိယဝန်ကြီးဖြေဆိုတင်ပြသွားတဲ့ အထဲမှာ (၁၀)ဆ၊ အဆ(၃၀) တိုးမြှင့်တယ်ဆိုပေမယ့် ကျွန်တော်တို့ ဒီခေတ်တိုးတက်လာတဲ့ ကုန်ဈေးနှုန်း၊ ငွေကြေးဖောင်းပွမှု Inflation ဒါတွေနဲ့ မူတည်ပြီးတော့ ထပ်ပြီးတော့ပေါ့နော်။ ထိရောက်တဲ့အနေအထားနဲ့ ဒါမှ ခုနလို ကားကို တကယ်လိုအပ်လို့ မဟုတ်ဘဲနဲ့ ဝယ်စီးတယ်ဆိုတဲ့ လူတွေအတွက် ထိရောက်ဟန့်တားတဲ့ ဆောင်ရွက်ချက်တစ်ခုဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိဆိုတာကို လေးစားစွာ နောက်ဆက်တွဲ မေးခွန်းများအဖြစ် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။**      ။ ကျွန်တော်တို့ရဲ့ ကညန လုပ်ငန်းကို စိတ်ဝင်တစားနဲ့ မေးမြန်းသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်ရှိကြောင်း ဦးစွာ တင်ပြလိုပါတယ်။ ကျွန်တော်တို့ လက်ရှိအားဖြင့် မှန်ပါတယ်။ ဖွဲ့စည်းပုံဟာ ယာဉ်အင်အား တိုးလာတဲ့အဆနဲ့ မျှအောင် ကျွန်တော်တို့ အခုချိန်ထိ မမျှသေးပါဘူး။ ပြီးရင်ယခုအချိန်မှာလည်း ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ကျွန်တော်တို့ နိုင်ငံတော်က ချမှတ်ထားတဲ့ ဖွဲ့စည်းပုံအင်အားရဲ့ သုံးပုံနှစ်ပုံအတွင်းသာပဲ ကျွန်တော်တို့ အခုလက်ရှိအချိန်ထိ သုံးစွဲလျက်ရှိပါတယ်။ ဒါပေမဲ့ နိုင်ငံတော် အစိုးရအဖွဲ့အနေနဲ့ အကယ်၍ ကျွန်တော်တို့ရဲ့ လုပ်ငန်းတွေမနိုင်ဘူးဆိုရင်တော့ သုံးပုံနှစ်ပုံ မဟုတ်ဘဲနဲ့ ရာနှုန်းပြည့်သုံးလို့ရတဲ့ လမ်းကြောင်းလည်း ဖွင့်ပေးထားပါတယ်။ လက်ရှိအားဖြင့်ကတော့ ကျွန်တော် တို့က လူဦးရေတိုးတာအစား Computer Right System သုံးတဲ့စနစ် ကျွန်တော်တို့ အဲဒီဟာကို ဆောင်ရွက်ပြီးတော့ ပြောင်းလဲပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော် ဥပမာပြောရလို့ရှိရင်တော့ ယခင်တုန်းက မြင်သာနဲ့ ရွာသာကြီးမှာ ကျွန်တော်တို့ ယာဉ်ကနဦးမှတ်ပုံတင်လုပ်ငန်းတွေလုပ်ပါတယ်။ လုပ်တဲ့အချိန်မှာ ယာဉ်စစ်ဆေးတဲ့နေရာက တစ်နေရာ၊ ဓာတ်ပုံရိုက်တဲ့နေရာကတစ်နေရာ၊ စာအုပ်တွေ၊ နောက် ဗီးတက်တွေ လုပ်တဲ့နေရာကတစ်နေရာ ဖြစ်ပါတယ်။ အဲဒါတွေအကုန်လုံးကို လူက ဓာတ်ပုံရိုက်ပြီးရင်လည်း ဓာတ်ပုံကိုယူသွား၊ ယာဉ်စစ်ဆေးပြီးရင်လည်း ယာဉ်စစ်ဆေးတဲ့ မှတ်တမ်းတွေယူသွား၊ နောက်ခုနတုန်းက ဗီးတက်တွေ၊ စာအုပ်တွေ ထုတ်တဲ့ နေရာကို သွားပြီးတော့ပို့ရပါတယ်။ ကျွန်တော်တို့ အဲဒီစနစ်ကို အခု ထောက်ကြန့်ရုံးကို ပြောင်းလိုက်တဲ့ အချိန်မှာ ထောက်ကြန့်ရုံးမှာ အခု အင်တာနယ်မှာ အကုန်လုံးအလုပ်လုပ်နေကြတဲ့ ယာဉ်စစ်ဆေးတဲ့

နေရာ၊ ဓာတ်ပုံရိုက်တဲ့နေရာ၊ ပြီးလို့ရှိရင် ငွေသွင်းတဲ့နေရာ၊ ပြီးရင် အုံနာဘုတ် နဲ့ ဗီးတက် ထုတ်တဲ့ နေရာတွေအကုန်လုံးကို အထဲထဲမှာ Computer နဲ့ Link လုပ်ထားပြီးဖြစ်ပါတယ်။

အဲဒီအတွက်ကြောင့် ယခင်တုန်းက (၃၀၀)(၄၀၀)လောက်ကို ကနဦးမှတ်ပုံတင်လုပ်နေရတဲ့ အနေအထားကနေပြီးတော့ အခု ထောက်ကြန့်မှာ ကျွန်တော်တို့ ကျင့်သုံးနေတဲ့ စနစ်အရဆိုရင် ယာဥ်စစ်ဆေးတဲ့လိုင်း(၈)လိုင်းထည့်ထားပါတယ်။ Computer Right System သုံးထားတဲ့အတွက်ကြောင့် ရုံးချိန်အတွင်းမှာ အလုပ်လုပ်လို့ရှိရင် အစီးရေ(၁၀၀၀)ကို ကျွန်တော်တို့ လွယ်လွယ်ကူကူပဲ လုပ်လို့ရတဲ့ အနေအထားမျိုးရှိပါတယ်လို့ တင်ပြလိုပါတယ်။ ဒီအတွက်ကြောင့် ဒါကတော့ ကနဦး မှတ်ပုံတင်တာပါ။ ကျန်တဲ့ သက်တမ်းတိုးမှတ်ပုံတင်တဲ့ ကိစ္စတွေကိုလည်း ကျွန်တော်ခုနကပြောသလိုပဲ Computer Right System သုံးပါမယ်။ အဲဒီဟာမှ မရရင် ကျွန်တော်တို့ ဆက်ပြီးတော့ အစိုးရအဖွဲ့ကို တင်ပြပြီးတော့ သုံးပုံနှစ်ပုံအစား ရာနှုန်းပြည့် ခန့်ခွင့်ပြုဖို့ ဆက်လက်ဆောင်ရွက်ပါမယ်လို့ တင်ပြလိုပါတယ်။

နောက် ဒုတိယတစ်ခုက ဘတ်ဂျက်ကိစ္စဖြစ်ပါတယ်။ ခုနက Smart Card ကိစ္စ။ ကျွန်တော် စောစောက တင်ပြထားတာလေးတွေကို အနည်းငယ်ပြန်ပြီးတော့ အကျဥ်းချုပ် ဆွဲထုတ်တင်ပြသွားပါမယ်။ ၂၀၁၁ ခုနှစ်က စတင်ကျင့်သုံးခဲ့တဲ့ လုံခြုံမှုစနစ်တွေပါရှိတဲ့ ယာဥ်သက်သေခံလက်မှတ် ဗီးတက်နဲ့ ၂၀၁၃ ခုနှစ်မှာ စတင်ကျင့်သုံးခဲ့တဲ့ Book Printer နဲ့ ထုတ်ပေးတဲ့ မော်တော်ယာဥ်မှတ်ပုံစာအုပ် အုံနာဘုတ် တွေထုတ်ပေးနိုင်တဲ့ စနစ်တွေကို ကညနရုံး (၅၅) ရုံးမှာ ထူထောင်နိုင်ရေးအတွက် လိုအပ်တဲ့ Hard Ware နှင့် Soft Ware ကျွန်တော်တို့ မတည်ခဲ့ရပါတယ်။

အဲဒီအတွက် ဘတ်ဂျက် ငွေကြေးသန်း(၁၈၀)လောက်သုံးခဲ့ရပါတယ်။ အဲဒီစနစ်ကျင့်သုံးခဲ့တာ အခု နှစ်နှစ် သုံးနှစ်လောက်တော့ရှိပါပြီ။ ကျွန်တော်တို့ရဲ့ လက်ရှိ ရှိနေတဲ့ Computer တွေ Hard Ware တွေ Soft Ware တွေရဲ့ အနေအထားအရ နောက်ထပ်နှစ်နှစ် သုံးနှစ်လောက်တော့ ဆက်ပြီးတော့ အကျိုးရှိစွာ အသုံးပြုနိုင်ဦးမယ်လို့ ကျွန်တော်တို့ သုံးသပ်ထားပါတယ်။ မှန်းဆထားပါတယ်။ အဲဒီအတွက်ကြောင့် ဒီအချိန်မှာ စနစ်ပြောင်းမယ်ဆိုရင် လက်ရှိစနစ်အတွက် ကျွန်တော်တို့ မတည်ထားတဲ့ ငွေထဲက အချို့သော ငွေတွေဟာ အလဟဿဆုံးရှုံးမှု ဖြစ်သွားနိုင်တဲ့အတွက်ကြောင့် ၂၀၁၅-၂၀၁၆ ဘတ်ဂျက် ကာလအတွင်းတော့ စနစ်ပြောင်းရန်မသင့်သေးပါကြောင်းနဲ့ စနစ်ပြောင်းဖို့အချိန်မှာ ဘတ်ဂျက်သုံးစွဲခွင့်ကို လွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ရယူသုံးစွဲသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက်ဆုံးတစ်ခုကတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ စတုတ္ထမေးခွန်းဖြစ်တဲ့ ရန်ကုန် နဲ့ မန္တလေးမှာ မော်တော်ယာဥ်မှတ်ပုံတင်လိုင်စင်ကြေးတွေ ထိရောက်တဲ့ ပမာဏထက် တိုးမြှင့် သတ်မှတ်ဆောင်ရွက်ရန်ကိစ္စမှာ ကျွန်တော် ဖြေခဲ့ပါတယ်။ အဲဒါက (၁၀)ဆ၊ အဆ(၂၀)၊ အဆ(၃၀) စသည်ဖြင့်ဖြေပါတယ်။ မှန်ပါတယ်ခင်ဗျား။ အခုချိန်ထိ ငွေကအများဆုံးက (၅၀၀၀၀)ပဲရှိ ပါသေးတယ်။ ဒီငွေကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပဲ ငွေပမာဏအနေနဲ့တော့ နည်းတဲ့ အနေအထားဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတဲ့ အနေအထားကတော့ Input တွေ သိပ်မများအောင် အဆင့်လိုက်ဆောင်ရွက်သွားမှာဖြစ်တဲ့ အတွက်ကြောင့် ဒီဟာကတော့ First-Step ပေါ့။ ကျွန်တော်တို့ ဒီလောက်အဆင့်လေးနဲ့ ကျွန်တော်တို့ လုပ်ဆောင်ထားပါတယ်။ ဒီဟာလေး အခြေကျပြီးတဲ့ အချိန်မှာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးရှင်းပြတဲ့အတိုင်းပဲ ကျွန်တော်တို့ နောက်တစ်ဆင့် နောက်

တစ်ဆင့်ပေါ့။ Input တွေ သိပ်မများအောင် ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ တယ်လို့ ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကျောက်ဖြူမြို့နယ်၊ တဘက်ကျေးရွာအုပ်စုရှိ ချောင်းဖျားကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ အုန်းပုတ်ကျေးရွာ၊ တောင်ပြင်ကျေးရွာတို့ကို ကျောက်ဖြူ-ရန်ကုန် ကားလမ်းမကြီးနှင့် အလွယ်တကူ တစ်ဆက်တည်း သွားလာနိုင်ရန်အတွက် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ကျောက်ဖြူမြို့နယ်၊ တဘက်ကျေးရွာအုပ်စုရှိ ချောင်းဖျားကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ အုန်းပုတ်ကျေးရွာ၊ တောင်ပြင်ကျေးရွာတို့ကို ကျောက်ဖြူ-ရန်ကုန် ကားလမ်းမကြီးနှင့် အလွယ်တကူ တစ်ဆက်တည်း သွားလာနိုင်ရန်အတွက် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးအုန်းတင်က ရိုသေဂါရဝ ပြုအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာသူ၊ ကျေးရွာသားများရဲ့တောင်းဆိုချက်အရ ကျောက်ဖြူမြို့နယ်၊ တဘက်ကျေးရွာအုပ်စု ချောင်းဖျားကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ အုန်းပုတ်ကျေးရွာ၊ တောင်ပြင်ကျေးရွာတို့ကို ကျောက်ဖြူ-ရန်ကုန် ကားလမ်းမကြီးနှင့် အလွယ်တကူ တစ်ဆက်တည်း သွားလာနိုင်ရန် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို မေးခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နယ်၊ တဘက်ကျေးရွာအုပ်စုရှိ ချောင်းဖျားကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ အုန်းပုတ်ကျေးရွာနှင့် တောင်ပြင်ကျေးရွာတို့သည် ကျောက်ဖြူ-ရန်ကုန်ကားလမ်းနှင့် မလှမ်းမကမ်းတွင် တည်ရှိသော်လည်း ကျေးရွာချင်းဆက် လမ်းမရှိသဖြင့် ကျေးရွာများနေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် နယ်ပယ်အသီးသီးတွင် နိမ့်ကျလျက် အခက်အခဲများစွာနှင့် ရင်ဆိုင်လျက် ရှိနေကြပါတယ်။ ကျောက်ဖြူ-ရန်ကုန် ကားလမ်းနှင့် မလှမ်းမကမ်းတွင်တည်ရှိနေသော်လည်း နွေ၊ မိုး၊ ဆောင်း အမြဲတမ်း သွားလာနိုင်တဲ့ ကျေးရွာချင်းဆက်လမ်းမရှိတဲ့အတွက် ရန်ကုန်-ကျောက်ဖြူ ကားလမ်းပေါ်သို့ ခြေလျင်

သွားလာနေကြရပြီး ကားလမ်းပေါ်သို့ ရောက်ရှိသည့်အခါမှသာလျှင် မော်တော်ကား သို့မဟုတ် မော်တော်ဆိုင်ကယ်များဖြင့် မိမိတို့သွားလိုရာ အရပ်များသို့ သွားလာနေကြရပါတယ်။

ချောင်းဖျားကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ အုန်းပုတ်ကျေးရွာ၊ တောင်ပြင်ကျေးရွာတို့ဟာ အစဉ်အလိုက် စီတန်းလျက်တည်ရှိနေကြပြီး ကျောက်ဖြူ-ရန်ကုန် ကားလမ်းနှင့် မလှမ်းမကမ်းတွင် တည်ရှိနေပါတယ်။ ချောင်းဖျားကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ အုန်းပုတ်ကျေးရွာ၊ တောင်ပြင် ကျေးရွာ၊ ရန်ကုန်-ကျောက်ဖြူကားလမ်းမကြီးအထိ အစဉ်အလိုက် စုစုပေါင်းအရှည်မိုင်မှာ (၂)မိုင်ခန့်သာ ရှိပါတယ်။ သို့ဖြစ်ပါ၍ ဤကျေးရွာများရှိ ကျေးရွာသူ၊ ကျေးရွာသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့်လုံခြုံရေး အစရှိသည့် လက်ရှိအခက်အခဲများအားဖြေရှင်းပေးနိုင်ရန်အတွက် အောက်ပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

(က) ချောင်းဖျားကျေးရွာ၊ တောင်ကြီးရင်းကျေးရွာ၊ အုန်းပုတ်ကျေးရွာ၊ တောင်ပြင်ကျေးရွာ နှင့် ကျောက်ဖြူ-ရန်ကုန်ကားလမ်းမကြီးတို့ တစ်ဆက်တစ်စပ်တည်းဖြစ်သော ကျောက်ချောလမ်း၊ လူသွားလမ်း (၂)မိုင်ခန့်အား အမြန်ဆုံးဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ (ခ) မရှိပါက အဘယ် ကြောင့်နည်း။ (ဂ) ရှိသည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးနိုင်ပါမည်နည်း။ စတဲ့ မေးခွန်းများကို မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**နေရာရွေးချယ်မှု မှားယွင်းနေသည့် ဖျာပုံမြို့နယ်၊ ဘိုးဘကုန်းကျေးရွာအုပ်စုသို့ ဆက်သွယ်သည့် ကျပ်သိန်း (၅၇၀)တန် ဘိုးဘကုန်း - ဆိပ်မတံတား နေရာအား ပြည်သူအများ အဆင်ပြေချောမွေ့သည့် နေရာ၊ ပြည်သူအများစု လိုလားတောင့်တသည့် တံတားနေရာသို့ အချိန်မီရွေးချယ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က နေရာရွေးချယ်မှု မှားယွင်းနေသည့် ဖျာပုံမြို့နယ်၊ ဘိုးဘကုန်းကျေးရွာအုပ်စုသို့ ဆက်သွယ်သည့် ကျပ် သိန်း(၅၇၀)တန် ဘိုးဘကုန်း-ဆိပ်မတံတား နေရာအား ပြည်သူအများ အဆင်ပြေချောမွေ့သည့် နေရာ၊ ပြည်သူအများစု လိုလားတောင့်တသည့် တံတားနေရာသို့ အချိန်မီရွေးချယ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်ပုဂ္ဂိုလ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမေးမြန်းလိုတဲ့မေးခွန်းကတော့ နေရာ ရွေးချယ်မှု မှားယွင်းနေသည့် ဖျာပုံမြို့နယ်၊ ဘိုးဘကုန်းကျေးရွာအုပ်စုသို့ ဆက်သွယ်သည့် ကျပ်သိန်း (၅၇၀) တန် ဘိုးဘကုန်း-ဆိပ်မတံတား နေရာအား ပြည်သူအများ အဆင်ပြေချောမွေ့သည့် နေရာ၊

ပြည်သူအများစု လိုလားတောင့်တသည့် တံတားနေရာသို့ အချိန်မီရွေးချယ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်ရဲ့ ဘိုးဘကုန်းကျေးရွာအုပ်စုနှင့် ဆိပ်မကျေးရွာကို ဒေသဖွံ့ဖြိုးရေးအတွက်ဆိုပြီးတော့ နိုင်ငံတော်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်ကနေ ကျပ်သိန်း(၅၇၀) တန်ဖိုးရှိတဲ့ ပေ(၁၈၀x၃၀x၆) ပေရှိတဲ့ ချောင်းဖြတ်လူကူးတံတားတစ်စင်း တည်ဆောက်ဖို့အတွက် ခွင့်ပြုပေးခဲ့ပါတယ်ခင်ဗျား။ နိုင်ငံတော် ကနေပြီးတော့ အကုန်အကျခံပြီးတော့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်ဖို့၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေဖို့အတွက် ရည်ရွယ်ချက်ကောင်းတွေနှင့် ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ၁၂-၃-၂၀၁၅ ရက်နေ့မှာ မြို့နယ်အဆင့်တာဝန်ရှိသူတွေက ရာအိမ်တစ်ပိုင်တည်းရှိ ပြည်သူအနည်းငယ်နဲ့တွေ့ပြီးတော့ တံတား တည်ဆောက်မယ့်နေရာကို ရွေးချယ်သတ်မှတ်ပေးခဲ့ကြောင်းကို သိရှိရပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ကျန်တဲ့ကျေးရွာအုပ်စု ရာအိမ်ပိုင်(၅)ပိုင်ရှိတဲ့ ပြည်သူများအား အသိမပေးဘူး၊ ဆန္ဒမယူဘူး တစ်ထိုင်တည်းဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော်တို့ သိရသလောက်တော့ ဒီဟာကို သက်ဆိုင်ရာ တာဝန်ရှိသူလူကြီးတွေက ဆောင်ရွက်ပေးခိုင်းတဲ့အခါမှာတော့ ဒေသခံပြည်သူတွေကို မေးမြန်းပြီးတော့ ဒေသခံပြည်သူတွေအတွက် အကျိုးရှိမယ့်နေရာကို ရွေးချယ်ပြီးတော့ ဆောင်ရွက်ဖို့ရှိတဲ့ ညွှန်ကြားချက်ရှိတယ်လို့ ကြားသိရပါတယ်။ အဲဒီလို မဆောင်ရွက်ခဲ့တဲ့အတွက်၊ တစ်ထိုင်တည်းဆုံးဖြတ်ခဲ့တဲ့အခါမှာ ဒေသခံရွာသူ၊ ရွာသားများ အချင်းချင်းအကြားမှာ စိတ်ဝမ်းကွဲပြားမှုတွေဖြစ်တယ်။ စည်းလုံးညီညွတ်မှုပြိုကွဲတယ်။ မကျေနပ်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒီအတွက်လည်း ဒီဒေသမှာဆန္ဒပြမှုတွေ၊ ဆန္ဒထုတ်ဖော်မှုတွေ ရှိခဲ့ပါတယ်။

သူတို့တရားဝင်တင်ပြပြီးတော့၊ သက်ဆိုင်ရာတာဝန်ရှိတဲ့မြို့နယ်ကို သူတို့တွေ တင်ပြပြီးတော့ သူတို့ ဆန္ဒထုတ်ဖော်မှုတွေ လုပ်ကြပါတယ်။ နောက် ကျွန်တော်အဲဒီဒေသကို ရောက်သွားတဲ့အခါမှာလည်း ဒေသခံပြည်သူတွေက အသီးသီး သူတို့ရဲ့ရင်တွင်းခံစားချက်တွေကို အသီးသီးတင်ပြကြပါတယ်။ အဲဒီ တင်ပြတဲ့ တင်ပြချက်တွေအရလည်း ကျွန်တော် သိရှိရတာဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီဒေသကိုရောက်ရှိခဲ့ပါတယ်။ ဒီမြို့နယ် အဆင့်တာဝန်ရှိတဲ့လူတွေ ဆုံးဖြတ်ပေးခဲ့တဲ့ တံတားတည်ဆောက်ရမယ့်နေရာက လမ်းမရှိပါဘူးခင်ဗျား။ လမ်းမရှိဘဲနဲ့ သူက ဖောက်လုပ်မယ့်နေရာက လယ်ကွင်းပြင်။ ဒီလယ်ကွင်းပြင်ကို သူတို့က လမ်းအဖြစ်ပြန်ပြီး တာဖို့မယ်ဆိုပြီးတော့၊ ဒီလိုရွေးချယ်ပြီးတော့ လယ်တွေကိုဝယ်မယ်။ လယ် တွေကိုဝယ်ပြီးတော့ လမ်းအသစ် ဖောက်လုပ်မယ်ဆိုပြီးတော့ အဲဒီလိုပြောပါတယ်။ အဲဒီတော့ ဒီလယ်ယာမြေတွေလည်း ဆုံးရှုံးမယ်။ တစ်ခါ လယ်တွေကို လမ်းဖောက်လုပ်ဖို့အတွက် လယ်တွေဝယ်တဲ့အခါမှာ ငွေကြေးကုန်ကျစရိတ်တွေကလည်း အလဟဿ ထပ်ပြီးတော့ ကုန်ကျမှုတွေ များပြားပါမယ်။ ဒါကို ကျွန်တော့်အနေနဲ့လည်း ဆွေးနွေးပြခဲ့ပါတယ်။

နောက်တစ်ခုက ဒီလယ်တွေဆုံးရှုံးတာ၊ လယ်ယာမြေတွေလည်း ထိခိုက်ဆုံးရှုံးနိုင်တယ်။ ရွာချင်းဆက်တဲ့လယ်မြေကနေပြီး ဖြတ်သန်းသွားတဲ့အခါမှာလည်း ဒီလယ်မြေတွေကို လမ်းအသစ်ဖောက်ပြီးဆောက်လုပ်မယ်ဆိုရင် ဒီနေရာမှာအိမ်ခြေတွေလည်းမရှိဘူး။ အဲဒီအတွက် အိမ်ခြေတွေ ဆက်စပ်မှုမရှိတဲ့အတွက်လည်း ခရီးသွားပြည်သူတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ လုံခြုံစိတ်ချမှု မရှိနိုင်ဘူး။ ဒါကြောင့်မို့လို့ ဒီနေရာကလည်း ပြီးတော့ ယခင်နှစ်က ကမ်းပြိုမှုတွေဖြစ်တယ်။ နေအိမ်

လည်း(၅)လုံးက ပျက်စီးခဲ့တယ်။ ဒီလိုမျိုးဖြစ်ခဲ့တဲ့ အခက်အခဲတွေ၊ ဒေသ တကယ့်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ကျွန်တော့်အနေနဲ့ဆွေးနွေးပြခဲ့ပါတယ်။ အဲဒီနေရာကိုပဲ ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်နဲ့ နယ်မြေတာဝန်ခံအမာမြို့နယ်ခွဲစည်ပင်ဦးစီးမှူး ဦးတင်မောင်လတ်တို့အဖွဲ့က လာရောက်ကြည့်ရှုတဲ့အခါမှာလည်း ဒီနေရာဟာ လမ်းမရှိတဲ့အတွက်၊ လယ်မြေတွေကို အသစ်ဖောက်ပြီးလုပ်ရမှာဖြစ်တဲ့အတွက် တည်ဆောက်ဖို့ မဖြစ်နိုင်ဘူးဆိုတာကို ငြင်းပယ်ခဲ့ဖူးတယ်ဆိုတာကိုလည်း ဒေသခံပြည်သူတွေက ပြန်ပြောပြခဲ့ပါတယ်။

အဲဒီတော့ ဒေသခံပြည်သူတွေက ဘယ်နေရာကိုလုပ်ချင်သလဲဆိုရင် ကျွန်တော်တို့ အဆင်ပြေချောမွေ့နိုင်ပြီးတော့ အားလုံးက တင်ပြတဲ့နေရာက လွန်ခဲ့တဲ့ ကျွန်တော်သွားခဲ့တာ(၁)လဆိုတော့ (၅)လ လောက်ပေါ့။ လွန်ခဲ့တဲ့ (၅)လလောက်က ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်ကနေပြီးတော့ ဒီနယ်မြေကို ရောက်ရှိတဲ့အခါမှာ သူရဲ့စီမံပံ့ပိုးမှုနဲ့ (၁၅)သိန်း ဒီလမ်းလုပ်ဖို့ချပေးခဲ့ပါတယ်။ အဲဒီတော့ အဲဒီ(၁၅)သိန်းနဲ့ ဒီနေရာလေးကို ဒေသခံပြည်သူတွေ အခုတင်ပြတဲ့လမ်းက အခု လမ်းဖြစ်နေပါပြီ။ နောက် မူလလမ်းလည်း ရှိပါတယ်။ အဲဒီအပြင် ဒီ ပြည်ထောင်စုဝန်ကြီးကလည်း ဒီဒေသကို ဆင်းသွားရင်းနဲ့ (၁၅)သိန်း ချပေးလိုက်တဲ့အခါကျတော့ ဒီလမ်းကြီးက တော်တော်ကြီး ကောင်းမွန်သွားပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်းသွားတဲ့အခါမှာ အဲဒီလမ်းကနေပြီးတော့ ဆိုင်ကယ်နဲ့ မောင်းပြီးတော့ ရွာရဲ့ အဲဒီတံတားဆောက်မယ့်နေရာကို ကျွန်တော်သွားကြည့်ခဲ့ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ သွားကြည့်ခဲ့ပါတယ်။

အဲဒီတော့ လက်ရှိအခုအသုံးပြုနေတဲ့လမ်းဟာ လမ်းကောင်းတစ်လမ်းပဲဖြစ်ပါတယ်။ နှစ်ဖက်စလုံးမှာလည်း လမ်းတွေဟာ ကောင်းမွန်စွာရှိပါတယ်။ နောက်လူနေအိမ်ဆက်တွေရှိတယ်။ အဲဒီအတွက် ကျောင်းသား၊ ကျောင်းသူတွေ၊ ဈေးသည်တွေ၊ ခရီးသွားပြည်သူတွေ အတွက်လည်း လုံခြုံချောမွေ့စွာနဲ့ သွားလာအသုံးပြုနေတာဖြစ်ပါတယ်။ နောက်တစ်ခုက ဒီလမ်းက၊ အခု ဒေသခံပြည်သူတွေ လိုလားတဲ့လမ်းက ဖျာပုံမှာ ကားဂိတ်နဲ့လည်း အနီးဆုံးနေရာမှာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဒေသခံပြည်သူတွေရဲ့ (၈၀)ရာခိုင်နှုန်းခန့်က ဒီလမ်းကို မှီခိုအားထားပြီး အသုံးပြုနေပါတယ်။ ဒါကြောင့် ဒီလမ်းနဲ့ဆက်စပ်တဲ့တံတားကို တည်ဆောက်မယ်ဆိုရင် အင်မတန်မှ ဒီဒေသခံကျေးရွာအတွက် အင်မတန်မှ အဆင်ပြေမယ့်အနေအထားကို တွေ့မြင်ခဲ့ရပါတယ်။

အဲဒီတော့ အဆိုပါနေရာမှာ တကယ်လို့များ တည်ဆောက်မယ်ဆိုရင်လည်း ဒေသခံပြည်သူတွေက လိုအပ်တယ်ဆိုရင်လည်း လိုအပ်ချက်တွေကို သူတို့ဘာတွေလုပ်ပေးရမလဲ။ လုပ်အားနဲ့ဆိုရင် ဒီနေရာဟာ ကျွန်တော်သွားတဲ့အချိန်မှာ ဒေသခံပြည်သူ(၃၀၀၀)လောက်က ဒီနေရာကို အကျိုးဖြစ်မှာဖြစ်ပါတယ်။ ဒီတံတားသာ တည်ဆောက်ပေးရင် ဒေသခံပြည်သူ(၃၀၀၀)လောက်က အကျိုးဖြစ်မှာဖြစ်ပါတယ်။ ကျွန်တော့်ကို တင်ပြတဲ့အချိန်မှာတော့ သူတို့က ဒီတံတားကို ဆောက်လုပ်မယ်ဆိုရင် သူတို့ဘာလုပ်ရမလဲ။ လုပ်အားဆိုရင် လုပ်အားပေးမယ်။ ငွေအားနဲ့ဆိုရင်လည်း သူတို့တတ်နိုင်သလောက် ငွေလေးထည့်ပြီးတော့ လမ်းကအစ အုတ်နဲ့ ဘေးနားက ရံမယ်ဆိုလည်းရံမယ်။ အဲဒီလောက်အထိကို သူတို့ လိုလိုလားလားနဲ့ တက်တက်ကြွကြွ ဆွေးနွေးပြောကြားခဲ့ကြပါတယ်။

ဒါကြောင့်ဒီအချက်အလက်တွေအပေါ် မှာ သူတို့အနေနဲ့ တင်ပြရခြင်းဖြစ်ပါတယ်။ ပြည်သူအများစု လိုလားတောင့်တနေတဲ့ ဒီ ဘိုးဘကုန်း-ဆိပ်မတံတား ရွေးချယ်မယ့်နေရာကို ဘိုးဘကုန်းအနောက်ကူးတို့လမ်းနှင့် ဆိပ်မရဲကင်းလမ်းနေရာကို တံတားဆောက်ဖို့အတွက် ရွေးချယ်သင့်ကြောင်းကို ကျွန်တော့်ရဲ့ သွားခဲ့တဲ့ခရီးစဥ်အရလည်း ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။

သို့ပါ၍ နေရာရွေးချယ်မှု မှားယွင်းနေသည့် ဖျာပုံမြို့နယ်၊ ဘိုးဘကုန်းကျေးရွာအုပ်စုသို့ ဆက်သွယ်သည့် ကျပ် သိန်း(၅၇၀)တန် ဘိုးဘကုန်း-ဆိပ်မတံတားနေရာအား ပြည်သူအများ အဆင်ပြေချောမွေ့သည့်နေရာ၊ ပြည်သူအများစုလိုလားတောင့်တသည့် တံတားနေရာသို့ အချိန်မီ ရွေးချယ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဓာတ်ပုံတွေ၊ မြေပုံတွေ မပါဘူးလား။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဟုတ်ကဲ့ပါခင်ဗျား။ ကျွန်တော် ဓာတ်ပုံတွေ လုပ်ထားတာ ညက Power Point က ပြန်စစ်ကြည့်လိုက်တော့ အဆင်မပြေလို့ပါခင်ဗျား။ ကျွန်တော် အဲဒီဟာကို တင်ပြဖို့ သေသေချာချာ ပြင်ဆင်လိုက်တာပါ။ အဆင်မပြေ ဖြစ်သွားပါတယ်။ အဲဒါကိုလည်း သပ်သပ်တင်ပြပေးပါမယ် ခင်ဗျား။

**စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းတိုက်နယ်၊ ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာပေါင်း(၈)ရွာအတွက် အမှန်တကယ် လိုအပ်နေသော မူးမြစ်ကူးတံတား(၁)စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝင်းတင့် က စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းတိုက်နယ်၊ ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာပေါင်း(၈)ရွာအတွက် အမှန်တကယ်လိုအပ်နေသော မူးမြစ်ကူးတံတား(၁)စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးဝင်းတင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပြီးတော့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ညောင်ပင်ဝန်းတိုက်နယ်၊ ရွှေလှေကျေးရွာအုပ်စု၊ သဖန်းသာကျေးရွာအုပ်စု၊ တဲကြီးကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း(၈)ရွာအတွင်း နေထိုင်ကြသော သံဃာတော်များ၊ ဒေသခံပြည်သူများက တင်ပြတောင်းဆိုချက်အရ အမှန်တကယ် လိုအပ်နေသော မြစ်ကူးတံတား(၁)စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းတိုက်နယ် အဆိုပါကျေးရွာအုပ်စု(၃)စုမှကျေးရွာပေါင်း (၈) ရွာတွင်ပါဝင်ပြီး စစ်ကိုင်းမြို့နယ်၏ အနောက်တောင်ဘက် အစွန်ဆုံးကျေးရွာများဖြစ်ပါတယ်။ ၎င်း ကျေးရွာပေါင်း(၈)ရွာတွင် အိမ်ခြေ(၁၁၉၆)စုနှင့် လူဦးရေ(၅၂၁၄)ရှိပြီးတော့ အများစုမှာ တောင်သူ လုပ်ငန်းများလုပ်ကိုင်လျက် ရှိပါတယ်။ ဖော်ပြပါကျေးရွာများသည် နှစ်စဉ်ဧရာဝတီမြစ်ရေနှင့် မူးမြစ် ရေကြီးခြင်းတို့ကြောင့် မြစ်ရေဝင်အရပ်ဒေသများဖြစ်ပါတယ်။ မြစ်ရေကြီးသောအခါများတွင် စက်လှေ ကို အသုံးပြုပြီးတော့ လယ်ယာထွက်ကုန်သီးနှံများ၊ ဥယျာဉ်ခြံထွက်ပန်းများ၊ သစ်သီးများကို မြင်းမူ သို့ သွားရောက်၍ အရောင်းအဝယ်ကိစ္စများကို ဆောင်ရွက်ကြရပါတယ်။

ထိုကာလမှာဇွန်လမှ ဩဂုတ်လအထိဖြစ်ပြီးတော့ ရေကျသောအခါတွင်လည်း မိုးတွင်း ကာလဖြစ်သဖြင့် မိုးရွာသွန်းမှုများကြောင့် သွားလာရန်အခက်အခဲဖြစ်တဲ့ နေရာဒေသဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံး ဆောင်းရာသီ နိုဝင်ဘာလမှ ဖေဖော်ဝါရီလ အထိသာ ခြောက်ခြောက်သွေ့သွေ့ သွားလာခွင့်ရခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်၊ မြင်းမူမြို့နယ်၊ ပျော့ရွာကျေးရွာတွင်မြစ်ရေတင်စီမံကိန်း အစီအစဉ် ဖြင့် ပျော့ရွာမှ စစ်ကိုင်း-မုံရွာကားလမ်းသို့ ဆက်သွယ်သော တစ်ဖာလုံခန့် ကွာဝေးသော ကျောက်ချော လမ်းတစ်ခု ပေါ်ပေါက်လာခဲ့ပါတယ်။ မြင်းမူမြို့နယ် ပျော့ရွာကျေးရွာသည် မူးမြစ်၏ မြောက်ဘက်တွင် တည်ရှိပြီး ပျော့ရွာ၏တစ်ဘက်ကမ်းတွင် စစ်ကိုင်းမြို့နယ်၊ မအူပင်ကျေးရွာ တည်ရှိပါသည်။

စစ်ကိုင်းမြို့နယ်ဘက် ကျေးရွာ(၈)ရွာမှ ဒေသခံပြည်သူများသည် ကွေ့ဝိုက်၍အလှမ်းကွာ ဝေးစွာသွားလာရသော ညောင်ပင်ဝန်းကျေးရွာရှိတဲ့ စစ်ကိုင်း-မုံရွာ ကားလမ်း(၃၅)မိုင်သို့ မသွားတော့ ဘဲ မူးမြစ်ကိုဖြတ်၍ဆောက်လုပ်ထားသော လူကူးတံတားမှတစ်ဆင့် ပျော့ရွာသို့ကူးကာ စစ်ကိုင်း-မုံရွာ ကားလမ်း(၁.၅)မိုင်ရှိ မြင်းမူမြို့သို့ သွားကြရပါတယ်။ ရဟန်း၊ သံဃာတော်များလည်း ထိုနည်းတူစွာ သွားလာအသုံးပြုကြရပါတယ်။ ယခုလက်ရှိအသုံးပြုနေသော ဒေသအစီအစဉ်အရ ဆောင်ရွက်နေ သည့် လူကူးတံတားမှာ အကျယ်(၇)ပေ၊ အလျား(၄၀၀)ပေရှိပါတယ်။ တိုင်များမှာ ထန်းလုံးများဖြင့် တည်ဆောက်ထားပြီးတော့ တံတားပေါ်တွင်ခင်းသောကြမ်းခင်းများကို ရေကြီးကာလ၌ နှစ်စဉ် ဖြုတ်သိမ်းရပါတယ်။ တစ်ခါတရံ ရေစီးသန်လာသောအခါမှာ ရေထဲမှာ မျောပါသဖြင့် အသစ်ထပ်မံ ပြုလုပ်ရပါသည်။ ထိုအသားတံတားကို နှစ်စဉ်ပြုပြင်ထိန်းသိမ်းရန် ကျေးရွာမှ အလှူငွေထည့်ဝင်ပြီး တော့ တံတားပြုပြင်ရေးကော်မတီက နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ရဟန်း၊ သံဃာတော်များ၊ ဒေသခံပြည်သူများမှာ အဆိုပါလူကူးတံတားအစားခိုင်ခံ့သော မြစ်ကူးတံတားဖြစ်ပေါ်လာမှသာလျှင် ဒေသ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစစအရာရာ တိုးတက်ဖွံ့ဖြိုးလာမည်ဟု ယုံကြည်မျှော်လင့်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ပေးနေတာကို ဒေသခံပြည်သူများအနေဖြင့် ကြားနေ၊ သိနေ ရတဲ့အတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့ကို မြစ်ကူးတံတား(၁)စင်း တည်ဆောက် ပေးနိုင်ပါရန် အားကိုးစွာဖြင့် မျှော်လင့်နေကြပါတယ်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့ကို အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁)ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းတိုက်နယ် ကျေးရွာအုပ်စု (၃)အုပ်စုများမှ ကျေးရွာပေါင်း(၈)ရွာတွင် နေထိုင်ကြသော ရဟန်းသံဃာတော်များ၊ ဒေသခံပြည်သူများက တင်ပြ

တောင်းဆိုချက်အရ အမှန်တကယ်လိုအပ်နေသော မြစ်ကူးတံတား(၁)စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။။ မေးခွန်း(၂)၊ တည်ဆောက်ပေးနိုင်ခြင်းရှိပါက မည်သည့်ဘဏ္ဍာရေး နှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုသောမေးခွန်းဖြစ်ပါတယ်။ ရဟန်းသံဃာတော်များနှင့် ဒေသခံပြည်သူများ၏ တောင်းဆိုတင်ပြချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၆။**

**ဦးခင်မောင်အေး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေ ကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ မေးမြန်းသွားတဲ့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့မေးခွန်း၊ နောက်တစ်ခါ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြီး ဦးသိမ်းဆွေ ရဲ့ မေးမြန်းချက်၊ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်က အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းတင့် ရဲ့ မေးမြန်းချက်များကို ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်တစ်ခုစီ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အခုလို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီးတော့မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး(၃)ဦးမှ စိတ်ပါဝင်စားစွာ မေးမြန်းသွားကြတဲ့အတွက်၊ အောက်ခြေအထိ ကွင်းဆင်းပြီး မေးမြန်းသွားကြတဲ့အတွက် ဝန်ကြီးဌာန အနေနဲ့ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပဏာမ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံးမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ တဘက်ကျေးရွာအုပ်စု၊ ချောင်းဖျား-တောင်ကြီးရင်း-အုန်းပုတ်-တောင်ပြင်ကျေးရွာ အထိ လမ်းအရှည်မှာ(၂)မိုင်၊ (၂)ဖာလုံ ခန့်ရှိပြီးတော့မှ (၆)ပေအကျယ် လူသွားလမ်းအဆင့်သာ ရှိပါ တယ်။ အဲဒီလမ်းရဲ့(၂)မိုင် (၂)ဖာလုံခန့်အား မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ကျောက်ချောလမ်း အဖြစ် ပြုလုပ်မယ်ဆိုပါက ခန့်မှန်းတန်ဖိုးငွေ(၂၁၀.၉၆)သန်းနှင့် ရေပြွန်(၁၂)စင်း (၅x၁၈x၅) ခန့်မှန်း တန်ဖိုးငွေကျပ်(၃၆.၀၀)သန်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် (၂၄၆.၉၆)သန်း ကုန်ကျမှာဖြစ်ပါ တယ်။ အဆိုပါလမ်း ဖောက်လုပ်ပေးမည်ဆိုပါက အိမ်ခြေ(၁၇၅)အိမ်နှင့် လူဦးရေ(၇၇၃)ဦးကို အကျိုး ပြုနိုင်မှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ် အတွင်းမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ(၈၀၂၅.၇၀၅)သန်းဖြင့် ကတ္တရာ

လမ်း(၆)မိုင်၊ (၅)ဖာလုံ၊ ကျောက်ချောလမ်း (၄၂)မိုင်၊ (၄)ဖာလုံ၊ မြေသားလမ်း(၁၁၄)မိုင်၊ (၅)ဖာလုံ၊ ကွန်ကရစ်တံတား (၁၀၃၀) ပေ၊ သစ်သားတံတား (၁၁၆၅) ပေနှင့်ရေပြွန်(၄၀၈)ပေတို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုထားပြီးဖြစ်ပါတယ်ခင်ဗျား။ ကျောက်ဖြူမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ်သိန်းပေါင်း(၁၃၁၁)ဖြင့် ကျောက်ချောလမ်း(၁၁)မိုင်၊ မြေသားလမ်း(၂၀)မိုင်နှင့် ကွန်ကရစ်တံတား(၁၁၀)ပေ တို့အား ဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာသော ကျောက်ဖြူမြို့နယ်၊ တဘက် ကျေးရွာအုပ်စု၊ ချောင်းဖျား-တောင်ကြီးရင်း-အုန်းပုတ်-တောင်ပြင်ကျေးရွာ မြေသားလမ်းဖောက်လုပ်ခြင်း နှင့် ကျောက်ချောလမ်းကို ကျွန်တော်တို့ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ရန်ပုံငွေ၌ ခွဲဝေချထားမှုမပြုနိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ လတ်တလော မှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် ပြန်လည် ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသိမ်းဆွေ ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဆက်ပြီးတော့မှ ကျွန်တော် ဖြေကြားရမယ်ဆိုရင် မဖြေကြားခင်မှာ ကျွန်တော်တို့ ဒီဒေသဟာ ကျွန်တော်တို့ရဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဟာ ဆက်စပ်တဲ့ဒေသ ဖြစ်ပါတယ်။ အထူးသဖြင့် အဲဒီမှာ ကျွန်တော်တို့ရှိတဲ့ ဒီ ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲရဲ့ ဒီဆိပ်မ ဒီဒေသတစ်ဝိုက်ရဲ့ ဒီ badge တစ်ခုဟာ ကျွန်တော် တို့ နိုင်ငံရဲ့ အင်မတန်မှ အဖိုးတန်တဲ့ ရေသယံဇာတ တစ်ခုဖြစ်တဲ့ mantis-species ပေါ့လေ၊ lobster ဆိုတာ ကျွန်တော်တို့ရဲ့ ဒီ ပြောရရင်တော့ ကင်းပုစွန်ပေါ့၊ လက်ရှိလည်း ကျွန်တော်တို့က live တွေ ကျွန်တော်တို့က လေယာဉ်နဲ့ပဲ ရန်ကုန်ကို ရန်ကုန်ကနေတစ်ဆင့် တရုတ်ပြည်ကို ကျွန်တော်တို့ ပို့ဆောင် လျက်ရှိပါတယ်။ အဲဒီ mantis ရဲ့ ကျွန်တော်တို့က ပေါက်ဖွားတဲ့ Habitat ဧရိယာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာလည်း ဒီနေ့ဆိုရင် ဒီဒေသကို Protective ဧရိယာအဖြစ်နဲ့ ကျွန်တော်တို့ သတ်မှတ်ဖို့၊ လူထုတွေ စည်းရုံးဖို့၊ ကွင်းဆင်းပြီးတော့ ကျွန်တော်တို့ ဒါဆောင်ရွက်ဖို့တွေ ဒီ ကျွန်တော်တို့ Spawning-ground တွေမှာ ပေါက်ဖွားတဲ့ ဒေသတွေမှာ အငယ်တွေ မဖမ်းအောင်ဆိုပြီးတော့မှ ဒါ တစ်နည်းအားဖြင့် ကျွန်တော်တို့ ဒီဒေသရဲ့ Socio- Economic ကို အများကြီး အထောက်အကူပြုတဲ့ လုပ်ငန်းစဉ် ဖြစ်ပါတယ်။

ဒါဘာကိုဆိုလိုတာလည်းဆိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို ကျွန်တော် အဲဒီ ဒေသမှာ ညအိပ်ပြီးတော့ ကျွန်တော်သွားဖူးပါတယ်။ မနှစ်ကလည်း ဒီလို ကျွန်တော်တို့ ဒီ mantis တွေ ပေါက်ဖွားတဲ့ ရာသီမှာ အဝယ်ဒိုင်တွေ (၁၂)ဒိုင်ရှိတာကို ဘယ်အချိန်မှာ၊ ဘယ်ရာသီမှာ၊ ဘယ်အရွယ် ဆိုဒ်ကို ဘယ်လိုမဖမ်းပါနဲ့ ဒါတွေကအစ ကျွန်တော်တို့ ကွင်းဆင်းပြီးတော့မှ ဆောင်ရွက်ခဲ့တဲ့ ဒေသဖြစ်တဲ့ အတွက် ဒါကိုကျွန်တော် ဒီ ဒေသကိုလည်း ကျွန်တော့်အနေနဲ့ Familiar ဖြစ်ပါတယ်။ ကျွန်တော်နဲ့ ထိတွေ့မှု တော်တော်ရှိတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ ဒါ လွှတ်တော်ကိုယ်စားလှယ် ကြီးဦးသိမ်းဆွေ မေးသွားတယ်ဆိုတာ ဒါ တော်တော်လေး ကျွန်တော်တို့ ကောင်းပါတယ်။ ဒါပေမယ့် ဒီ ဒေသတွေမှာ ကျွန်တော်ရောက်တဲ့အခါမှာလည်း ဘာတွေ တွေ့သလဲဆိုတော့ သူ့အုပ်စုလိုက်ကလေးတွေ

ရှိတာ ကျွန်တော်တွေ့ရပါတယ်။ ဒါကြောင့် ဘယ်အုပ်စုကို ကျွန်တော် Realize လုပ်မလဲဆိုတဲ့အဖြေက တော်တော်လေး တကယ့် decision-maker အနေနဲ့ စဉ်းစားတဲ့ အချက်တွေ ကျွန်တော်တို့ အများကြီး ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန အနေနဲ့ ကျွန်တော်တို့ ဒီ ဦးစားပေး အစီအစဉ်တွေ ဆွဲတဲ့အခါမှာ ဒါဒီမှာလည်း ကျွန်တော်ချပြခဲ့ဖူးပါတယ်။ ဒီ ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်တို့ ဒီ မူဝါဒတွေ ချမှတ်ထားတာ ရှိပါတယ်။ အထူးသဖြင့် အဲဒီမှာဆိုရင် နံပါတ်(၁)က ဘာကို ကျွန်တော် သတ်မှတ်ထားသလဲဆိုရင် နံပါတ်(၁) ကျွန်တော်တို့ development-need လို့ ခေါ်တဲ့ ဒေသဖွံ့ဖြိုးရေး အတွက် လိုအပ်ချက်သည် အဓိကဘာလဲ၊ ဒါကျွန်တော်တို့ ဦးစားပေး နံပါတ်(၁)ပါ။ နံပါတ်(၂)က ကျွန်တော်က ဒီလုပ်ငန်းစဉ်တွေဆွဲတာလည်း ကျွန်တော်တို့ချည်းပဲမဟုတ်ပါဘူး။ နိုင်ငံ တကာက Expertise တွေ၊ ပညာရှင်တွေနဲ့ ပေါင်းပြီး ကျွန်တော်တို့ ဆွဲထားတဲ့စီမံချက်တွေ လုပ်ငန်းစဉ် တွေ ဖြစ်ပါတယ်။

နံပါတ်(၂)ကတော့ Beneficial Coverage ဒါလုပ်လိုက်တဲ့အတွက် ဒီမှာ အကျိုးသက် ရောက်မှုတွေက ဘယ်လောက်ရှိမှာလဲ။ ဘယ်လောက်တိုးတက်တာလဲ။ ခုန ပညာရေး၊ ကျန်းမာရေး၊ နောက် စီးပွားရေးစသည်ဖြင့်ပေါ့လေ၊ ဒါတွေ ကျွန်တော်တို့က ဒါချထားပြီးတော့မှ လုပ်တာဖြစ်ပါတယ်။ နံပါတ်(၃)အချက်ကတော့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ participation ဒေသက ဘယ်လောက်အထိ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ရှိတာလဲ၊ ဒါတွေလည်း ကျွန်တော်တို့ ထည့်တွက်ပြီးမှ ရွေးချယ်တာ ဖြစ်ပါတယ်။ နံပါတ်(၄)က ခုန Transparent ဒါကို ကျွန်တော်လုပ်တဲ့အခါမှာ ပွင့်လင်း မြင်သာမှုရှိအောင်ဆိုပြီးတော့ ဒီလိုအချက်တွေနဲ့ ဆောင်ရွက်တယ်။ ဒါ generally ကျွန်တော်တို့ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်တဲ့အခါမှာ ချမှတ်ထားတဲ့ မူဝါဒတွေဖြစ်တယ်ဆိုတာလေး ကို ဒါ ပထမဦးဆုံး ကျွန်တော်ရှင်းပြခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ် ကြီး ဆွေးနွေးသွားတဲ့နေရာ မှားတယ်ဆိုတာ ဒါတော့ ကျွန်တော်တို့က အင်ဂျင်နီယာဆိုဒ်နဲ့ သက်ဆိုင်ရာ Technician နဲ့ ဆွေးနွေးရတဲ့ အချက်တွေလည်း ဖြစ်ပါတယ်။

အဲဒီတော့ ဒီ ဆိပ်မရွာလည်း ကျွန်တော် ရောက်တော့ ရောက်ခဲ့ဖူးပါတယ်။ သို့သော် ဒီနေရာ တော့ ကျွန်တော်တို့ပြန်ပြီး ကျွန်တော်တို့ဒါ သုံးသပ်ပြီး ကြည့်ရမယ့်အချက်ဖြစ်တယ်ဆိုတာလေးကို ကျွန်တော်ပဏာမ ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ နေတဲ့ ဒီ ဖျာပုံမြို့နယ် ဘိုးဘကုန်းကျေးရွာနဲ့ ဆိပ်မကျေးရွာ ဆက်သွယ်တဲ့ တံတားအရှည်ဟာ ပေ(၁၈၀)၊ အကျယ်(၆)ပေရှိပြီးတော့ သံကူကွန်ကရစ်တံတားဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေကျပ် (၅၇)သန်းနဲ့ တည်ဆောက်ပေးတဲ့ ကျေးရွာချင်း ဆက် လူကူးကွန်ကရစ်တံတား ဖြစ်ပါတယ်။ အဲဒီတံတားဟာ ဘိုးဘကုန်းကျေးရွာကို အခြေပြုပြီး ကျေးရွာ(၁၁)ရှိ လူဦးရေ (၄၅၇၀)ကို အကျိုးပြုမှာ ဖြစ်ပါတယ်။ အဲဒီတံတား တည်ဆောက်နိုင်ရေးအတွက် ဒီတံတားကို တည်ဆောက်ဖို့ရာ Service Indicate လုပ်တာ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ကနေပြီးတော့မှ ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းချက်အရ လည်းကောင်း၊ နောက်တစ်ခါ ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင် ရဲ့ တင်ပြချက်အရ လည်းကောင်း၊ ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့မှ တံတားတည် ဆောက်ဖို့ ရန်ပုံငွေရရှိရေး တင်ပြတောင်းခံချက်အရလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံခန့်ခွဲရေးကော်မတီရဲ့ ၂၃-၂-၂၀၁၅ ရက်နေ့ အစည်းအဝေးအမှတ်စဉ် ၄/၂၀၁၅ ဆုံးဖြတ်ချက် အမှတ် ၈၈ အရလည်းကောင်း ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရန်ပုံငွေရရှိပြီးတဲ့ နောက်မှာ ဖျာပုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်ချက်အရလည်းကောင်း၊ ဒေသခံ ပြည်သူများရဲ့ တင်ပြချက်အရလည်းကောင်း၊ ဌာနရဲ့ မြေပြင်ကွင်းဆင်းစိစစ်ချက်အရ လည်းကောင်း ရွေးချယ်ထားတဲ့ နေရာဟာ တံတားတည်ဆောက်ရန် အကောင်းဆုံးနေရာဖြစ်ခြင်းကြောင့် တင်ဒါ အောင်မြင်ခဲ့တဲ့ အိမ့်သီရိချိမ့်ကုမ္ပဏီကနေပြီးတော့မှ တာဝန်ယူဆောင်ရွက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါ တယ်။ တံတားပြီးစီးသွားလို့ရှိရင် ဘိုးဘကုန်းရွာနဲ့ ဆိပ်မကျေးရွာကိုဆက်သွယ်တဲ့ ကျေးရွာချင်းဆက် မြေသားလမ်းကို ဘိုးဘကုန်းကျေးရွာ ဆရာတော်ကနေပြီးတော့မှ ရွာရဲ့ အထင်ကရဆရာတော် ဖြစ်ပါ တယ်။ ဘိုးဘကုန်းရွာ ဆရာတော်ကနေပြီးတော့မှ မြေသားလမ်းဖောက်လုပ်ဖို့ စီစဉ်ထားရှိပြီးတော့မှ လမ်းမြေ ရရှိရေးအတွက် ကျေးရွာသူ/ကျေးရွာသားများမှ ဆရာတော်နဲ့ သဘောတူရရှိထားပြီးဖြစ် ကြောင်း သိရှိရပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်က ပြောင်းရွှေ့ဆောက်လုပ်လိုတဲ့ တံတားအနေနဲ့ ဒီတံတားဟာ ခုန ကျွန်တော်တို့ ဘတ်ဂျက်ချပေးလိုက်တဲ့ တံတားရဲ့ (၁၈၀)ပေ အရှည် ထက်ကို ကျော်လွန်ကျယ်ပြီးတော့မှ ပေ(၂၅၀)ပေ ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့တစ်ချက် ဒီ ဘတ်ဂျက်ထဲမှာ ကျွန်တော်တို့ ပြဿနာရှိနိုင်ပါတယ်။ နောက် နံပါတ်(၂)အချက်အနေနဲ့ အဲဒီနေရာမှာ ရေဝဲရှိတဲ့နေရာဖြစ်ခြင်း၊ ချောင်းကွေ့ဖြစ်နေတဲ့ အတွက်ကြောင့်မို့လို့ ရေယာဉ်သွားလာတဲ့ နေရာမှာ အန္တရာယ်ရှိနိုင်ခြင်း၊ နောက် မူလလျာထားချက်ထက် ပေ(၇၀)ပေ ပိုရှည်သဖြင့် ပိုမိုခွင့်ပြုရန်ပုံငွေဖြင့် တံတားပြီးမြောက်ဖို့ မလွယ်ကူခြင်းစတဲ့ ကန့်သတ်ချက်များ ရှိနေကြောင်း သိရှိရပါတယ်။

ဒါကြောင့်မို့လို့ ဘိုးဘကုန်း-ဆိပ်မ ကျေးရွာချင်းဆက် လမ်းတံတား ပြီးစီးသွားလို့ရှိရင် ဘိုးဘကုန်းကျေးရွာအပါအဝင် တင်ပြပါမေးခွန်းတွင်ပါဝင်တဲ့ ကျေးရွာများဖြစ်တဲ့ ဖိုးထူးတောင်သာ၊ သိုင်းကုန်း၊ နှစ်ခြား၊ ငုတ်ကြီးတန်း၊ တောတွတ်၊ နောက်ပြန်တိုး၊ စပါယ်မြိုင်၊ သာယာကုန်း၊ မြင်းကထိပ်၊ ဘိုးတွင်း၊ ငှက်ပျောတော၊ ကွင်းချောင်း၊ သိုင်းချောင်းကြီး၊ တပ်ခိုကျေးရွာ၊ (၁၀)ရွာမှီတင်းနေထိုင်ကြတဲ့ အိမ်ထောင်စု(၁၁၈၀)စု၊ လူဦးရေ(၄၅၇၀)ဦးနှင့် အထူးသဖြင့် ဆိတ်မအထက်တန်းကျောင်းခွဲကို နေ့စဉ် ကျောင်းတက်နေကြတဲ့ ကျောင်းသား/ကျောင်းသူ (၁၆၀၀)ခန့်အတွက် အကျိုးပြုမယ့် တံတားဖြစ်တဲ့ အတွက်ကြောင့်မို့လို့ လက်ရှိတည်ဆောက်ဆဲနေရာမှာသာ အပြီးသတ် ဆက်လက်ဆောင်ရွက်သင့်ပါ ကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့်နေရာအားလည်း မှတ်တမ်းတင် ထားရှိသွားမှာ ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့် ရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ကျွန်တော်ကပဲ ဆက်ပြီးဖြေကြားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းတိုက်နယ်ကျေးရွာအုပ်စု (၃)အုပ်စုများမှာ ကျေးရွာ(၈)ရွာရှိတဲ့ ဒေသခံ ပြည်သူများရဲ့ တောင်းဆိုချက်အရ မူးမြစ်ကူးတံတားအရှည်(၄၀၀)ပေနဲ့ ချဉ်းကပ်လမ်း(၂)ဖာလုံရှိပြီး၊ ကျေးရွာ (၈)ရွာ၊ အိမ်ခြေ(၁၀၅၅)၊ လူဦးရေ(၆၆၀၈)ဦးကို အကျိုးပြုမှာဖြစ်ပါတယ်။ အဲဒီတံတားအရှည်

(၄၀၀)ပေအတွက် ငွေကျပ်(၄၀၀)သန်း၊ မြေသားလမ်း(၂)ဖာလုံ၊ ငွေကျပ်(၃.၉၀၂)သန်း၊ စုစုပေါင်း ငွေကျပ်(၄၀၃. ၉၀၂)သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အနေနဲ့ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ်(၁၇၅၁၂.၀၄၃)သန်းဖြင့် ကတ္တရာလမ်း(၂၆)မိုင်၊ (၅)ဖာလုံ၊ ကျောက်ချောလမ်း(၁၈၉)မိုင်၊ (၃)ဖာလုံ၊ မြေသားလမ်း(၂၁၈)မိုင်၊ (၃)ဖာလုံ၊ ကွန်ကရစ်တံတား(၆၄၅)ပေ၊ သစ်သားတံတား(၂၄၇၀)ပေ၊ ကွန်ကရစ်ရေကျော်(၃၇၀)ပေနှင့် ရေပြွန်(၁၆၉)ပေတို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်း မြို့နယ်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေး နှစ် ရန်ပုံငွေနဲ့ စစ်ကိုင်းတစ်မြို့နယ်ထဲမှာ သိန်းပေါင်း(၅၂၀)ဖြင့် ကွန်ကရစ်ရေကျော်(၂၅၀) ပေ၊ Box-Culvert (၅)ပေ တို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုထားပြီးဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ စစ်ကိုင်းမြို့နယ်အတွင်းမှာရှိတဲ့ မူးမြစ်ကူးတံတားနဲ့ လမ်းနဲ့တံတားကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ခွင့်ပြုထား ခြင်း မရှိသေးပါကြောင်းနဲ့ အဆိုပါတံတား တည်ဆောက်မည်ဆိုပါက အသေးစိတ်ကွင်းဆင်းပြီး Soil-Test ပြုလုပ်ပြီး နည်းပညာကျွမ်းကျင်တဲ့ အင်ဂျင်နီယာများမှာ Structure-design တွက်ချက်ရေးဆွဲရန် လိုအပ် မည်ဖြစ်ပြီးတော့မှ တင်ပြပါတံတားမှာ ပေ(၄၀၀)မြစ်ကူးတံတားဖြစ်ပါသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် တံတားတည်ဆောက်ရေးအတွက် ကျွမ်းကျင်သောအင်ဂျင်နီယာများနှင့် အထောက်အကူပစ္စည်းများ မရှိပါသောကြောင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက် ရမည်ဖြစ်ပါသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်လျက် ရှိပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ စောစောတုန်းက မိုက်တောင်းထား/မထား ကြည့်တော့ မိုက်တောင်းမထားဘူး လေ။ မတောင်းထားတော့ ခဏရပ်မယ် ဆိုတော့မှ ထပ်တောင်းလို့ မရတော့ဘူး။ တောင်းချင်ရင် စောစော စီးစီးတောင်း။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တင်းတောင်းပမာဏ စံသတ်မှတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် တင်ပြလာသည့်အပေါ် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော တင်းတောင်း ပမာဏ စံသတ်မှတ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စု လွှတ်တော်က ၆-၁၂-၂၀၁၂ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ ယင်းဥပဒေ ကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ၉-၁-၂၀၁၃ ရက်နေ့တွင် ဖြန့်ဝေထားပြီး ဖြစ်ပါ တယ်။

ယခုအဆိုပါ တင်းတောင်းပမာဏစံသတ်မှတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား ပြန်လည် ရုပ်သိမ်းခွင့်ပြုရေး ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၀-၄-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁/၄၃၇(၅-ပထစ)/ အဖရ(၂၀၁၅)ကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ၁၄-၄-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာပါတယ်။

သို့ပါ၍ တင်းတောင်းပမာဏ စံသတ်မှတ်ရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အား ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် တင်ပြလာခြင်းကိုလွှတ်တော်ရဲ့ဆန္ဒ ရယူမှာဖြစ်ပါတယ်။ တင်းတောင်း ပမာဏ စံသတ်မှတ်ရေး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် တင်ပြလာခြင်းကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တင်းတောင်း ပမာဏ စံသတ်မှတ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဦးမိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမိုးမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်း ဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ၁၉-၁-၂၀၁၅ ရက်နေ့တွင် အမျိုးသား လွှတ်တော် သို့ တင်သွင်းခဲ့ပါသည်။ ယင်းနေ့တွင် ဦးပေါလ်ထန်ထိုင်း၊ ချင်း (၃)၊ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ဦးခင်မောင် (ခေါ်)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃)၊ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)နှင့် ဒုတိယ ဗိုလ်မှူးကြီးသိန်းလွင်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တို့က အကြံပြု ဆွေးနွေးခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာမှု ပြုရန် လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားခဲ့သဖြင့် အကြံပြု ဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဥပဒေကြမ်းကော်မတီတို့သည် ၃-၂-၂၀၁၅ ရက်နေ့တွင် အစည်းအဝေးကျင်းပ ပြုလုပ်ခဲ့ပါသည်။

၂။ ထို့အပြင် လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် ၃-၄-၂၀၁၅ ရက်နေ့တွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ဖြစ်ကြ သော အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ (ဗဟို)မှ ဦးသွေးချွန်၊ ဦးအောင်မြိုင်၊ ဦးအေးပိုင်၊ ဘာသာပေါင်းစုံ ညီညွတ်ရေးအဖွဲ့မှ ဒေါက်တာတင်သိန်းလွင်၊ ဒေါက်တာသာဉာဏ်၊ ဒေါ်စန္ဒာလိုနီး၊ ဒေါက်တာလှထွန်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သော National NGO Network မှ ဒေါ်နွယ်ဇင်ဝင်း၊ Gender Equality Network မှ ဒေါ်မေစံပယ်ဖြူ၊ Women's Organizations Network မှ ဒေါ်ခင်လေး၊ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ (ရန်ကုန်)မှ ဒေါ်ဇိုမင်းသန်း၊ Student Christian Movement မှ ဦးထွန်းထွန်းဦး၊ Public Legal Aid Network မှ ဒေါ်သင်ဇာဦး၊ MDRI မှ ဒေါက်တာတင်မောင်သန်း နှင့် Myanmar Peace Centre မှ ဒေါက်တာအင်ဒရူး တို့နှင့် ကြားနာ

ဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။ အဆိုပါဆွေးနွေးညှိနှိုင်းကြားနာမှုများအပေါ် အခြေပြု၍ ဥပဒေကြမ်းကော်မတီသည် အောက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၃။ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရာတွင် ဝန်ထမ်း အချိုးအစားထက် အရပ်ဖက် ကိုယ်စားလှယ်များ ပိုမိုပါဝင် ဆောင်ရွက်ခွင့်ရှိစေရန်အတွက် မူလဥပဒေကြမ်းအပိုဒ် ၃ ကို အပိုဒ် ၃၊ အပိုဒ်ခွဲ(က)အဖြစ် ပြောင်းလဲ အမှတ်စဥ်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၃။ (က) မြို့နယ်အသီးသီးတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဖွဲ့စည်းသည် -

| | | |
|---|---|---|
| (၁) | မြို့နယ်သာသနာရေးမှူး၊ မြို့နယ်သာသနာရေးမှူးရုံး | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ရွေးချယ်တင်ပြသည့် ငါးဦးထက်မပိုသော မြို့မိမြို့ဖများအနက်မှ မိမိတို့အချင်းချင်း ညှိနှိုင်းရွေးချယ်သူတစ်ဦး | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဥက္ကဋ္ဌတာဝန်ပေးအပ်ခြင်းမခံရသည့် သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ရွေးချယ်တင်ပြသည့် လေးဦးထက်မပိုသော မြို့မိမြို့ဖများ | အဖွဲ့ဝင်များ |
| (၄) | မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (၆) | ကိုယ်စားလှယ်တစ်ဦး၊ မြို့နယ်အဆင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ | အဖွဲ့ဝင် |
| (၇) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ | အတွင်းရေးမှူး |

၄။ ထို့အပြင် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ၏ အနှစ်သာရကို မပြောင်းလဲစေဘဲ မြန်မာစာ သတ်ပုံနှင့် ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်အစားထိုးပြီး ဖြစ်ပါကြောင်းနှင့် ပြောင်းလဲသွားသည့်အပိုဒ်များကိုလည်း ပြင်ဆင်ခဲ့ပြီးဖြစ်ပါကြောင်း ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၅။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ၊ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ် သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၂)၊ အပိုဒ် ၃(က)(၁)မှ (၇)အထိ၊ အပိုဒ် ၃(ခ)၊ အပိုဒ် ၄(က)၊ အပိုဒ် ၅(ဂ)(၃)(၄)(၁၁)(၁၂)

| | | | | |
|---|---|---|---|---|
| ၃။ | (က) | (၁) | မြို့နယ်သာသနာရေးမှူး<br>မြို့နယ်သာသနာရေးမှူးရုံး၊ | ဥက္ကဋ္ဌ |
| | | (၂) | သက်ဆိုင်ရာကိုးကွယ်ရာ<br>ဘာသာအလိုက် ရွေးချယ်<br>တင်ပြသည့် ငါးဦးထက်မပိုသော<br>မြို့မိမြို့ဖများအနက်မှ မိမိတို့<br>အချင်းချင်း ညှိနှိုင်းရွေးချယ်သူတစ်ဦး | ဒုတိယဥက္ကဋ္ဌ |
| | | (၃) | ဒုတိယဥက္ကဋ္ဌ တာဝန်<br>ပေးအပ်ခြင်းမခံရသည့်<br>သက်ဆိုင်ရာ ကိုးကွယ်ရာ<br>ဘာသာအလိုက် ရွေးချယ်တင်ပြသည့်<br>လေးဦးထက်မပိုသော မြို့မိမြို့ဖများ | အဖွဲ့ဝင်များ |
| | | (၄) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်<br>အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| | | (၅) | ဥက္ကဋ္ဌ၊<br>မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| | | (၆) | ကိုယ်စားလှယ်တစ်ဦး၊<br>မြို့နယ်အဆင့် ပြည်တွင်းအစိုးရ<br>မဟုတ်သော အဖွဲ့အစည်းများ | အဖွဲ့ဝင် |
| | | (၇) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

ဟု ပြင်ဆင်ထားပါတယ်။

(ခ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၄)ပါ အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်သည့်အခါ ဖြစ်စေ၊ အစားထိုးရွေးချယ်ရန် အကြောင်းပေါ်ပေါက်သည့်အခါဖြစ်စေ၊ လစ်လပ်သည့် အဖွဲ့ဝင်ကို သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာ အလိုက် သတ်မှတ်ချက်နှင့်အညီ ပြန်လည်ရွေးချယ် တင်ပြရမည်ဟု ဖြည့်စွက်ထားပါတယ်။

၄။ မည်သူမဆို -

(က) မိမိကိုးကွယ်ရာဘာသာမှ အခြားကိုးကွယ်ရာဘာသာသို့ ဖြစ်စေ၊ ဘာသာမဲ့အဖြစ်မှ ကိုးကွယ်ရာဘာသာ တစ်ခုသို့ဖြစ်စေ၊ ကိုးကွယ်ရာ ဘာသာတစ်ခုခုမှ ဘာသာမဲ့ အဖြစ်သို့ ဖြစ်စေ၊ မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကူးပြောင်းခွင့် ရှိသည်။

၅။ (ဂ) (၃) ကိုင်ဆောင်သည့် လက်မှတ်အမျိုးအစားနှင့် အမှတ်ဟု ပြင်ဆင်ထားပါတယ်။

(၄) မွေးဖွားရာအရပ်ဟု ဖြည့်စွက်ထားပါတယ်။

(၁၁) ယခင်က ကိုးကွယ်ရာဘာသာကူးပြောင်းခဲ့ဖူးခြင်း ရှိ/မရှိ၊ ရှိလျှင် လျှောက်ထားခဲ့သည့် မြို့နယ်နှင့် သက်သေခံလက်မှတ်အမှတ်၊

(၁၂) ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသည့် အကြောင်းရင်း သို့မဟုတ် ဘာသာမဲ့ အဖြစ်သို့ ကူးပြောင်းလိုသည့် အကြောင်းရင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (က)(၁)မှ (၇)အထိ၊ အပိုဒ် ၃(ခ)၊ အပိုဒ် ၄(က)၊ အပိုဒ် ၅(ဂ)(၃) (၄)(၁၁)(၁၂) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (က)(၁)မှ (၇)အထိ၊ အပိုဒ် ၃(ခ)၊ အပိုဒ် ၄(က)၊ အပိုဒ် ၅(ဂ)(၃) (၄)(၁၁)(၁၂)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၃)၊ အပိုဒ် ၇(က)၊ အပိုဒ် ၁၀(က)၊ အပိုဒ် ၁၀(ဂ)၊ အပိုဒ် ၁၁

၇။ (က) ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရာတွင် ပုဒ်မ ၃ ပါ မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင် အားလုံးအနက်မှ ကူးပြောင်းသည့် ဘာသာများနှင့်

သက်ဆိုင်သည့် မြို့မိမြို့ဖနှစ်ဦး အပါအဝင် အဖွဲ့ဝင် ထက်ဝက်ကျော် ပါဝင်သော အဖွဲ့ဖြင့် ဆောင်ရွက်ရမည်။

၁၀။ (က) ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ်(၁)အရ သက်သေခံ လက်မှတ် ထုတ်ပေးသည့် အခါ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုသူနှင့် ပတ်သက်သော အောက်ပါ အချက်များကိုဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန များသို့ သတ်မှတ်ထားသည့်ပုံစံဖြင့် တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သာသနာရေး ဦးစီးဌာနနှင့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများသို့ သတ်မှတ်ထားသည့် ပုံစံဖြင့် တင်ပြရမည်။

၁၁။ မှတ်ပုံတင်ရေးအဖွဲ့က သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီး သက်သေခံ လက်မှတ် ထုတ်ပေးသည့်နေ့ရက်မှ စ၍ ကိုးကွယ်ရာဘာသာ ကူးပြောင်းခွင့်ရရှိပြီး ဖြစ်သည်ဟု မှတ်ယူ ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၇(က)၊ အပိုဒ် ၁၀(က)၊ အပိုဒ် ၁၀(ဂ)၊ အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၇ (က)၊ အပိုဒ် ၁၀(က)၊ အပိုဒ် ၁၀(ဂ)၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၄)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆

၁၄။ မည်သူမျှ မည်သည့် ဘာသာသာသနာကိုမဆို စော်ကားရန်၊ အကြည်ညို ပျက်စေရန် သို့မဟုတ် တလွဲအသုံးပြုရန် အကြံဖြင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းမပြုရ။

၁၆။ မည်သူမျှ ကိုးကွယ်ရာဘာသာ ကူးပြောင်းနိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်၏ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းကို ဟန့်တားခြင်း၊ ပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၅)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈

၁၇။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ် နှစ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ် သုံးသိန်း ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည် ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်-

အခန်း(၆)၊ အပိုဒ် ၂၆

၂၆။ ပြည်သူ့ဝန်ထမ်းမဟုတ်သော မှတ်ပုံတင်ရေးအဖွဲ့ဝင်များသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၆ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(င)(စ)၊

အခန်း(၂)၊ အပိုဒ် ၃(က)ခြေဆင်း၊ အပိုဒ် ၄(ခ)၊ အပိုဒ် ၅(က)(ခ)(ဂ)(၁)(၂)(၅)(၆) (၇)(၈)(၉)(၁၀)၊ အပိုဒ် ၆(က)(ခ)(ဂ)(ဃ)(င)၊

အခန်း(၃)၊ အပိုဒ် ၇(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)၊ အပိုဒ် ၈(က)(ခ)၊ အပိုဒ် ၉(က)(ခ)(ဂ)၊ အပိုဒ် ၁၀(က)(၁)(၂)(၃)(၄)(၅)(၆)၊ အပိုဒ် ၁၀(ခ)၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၃၊

အခန်း(၄)၊ အပိုဒ် ၁၅၊

အခန်း(၅)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊

အခန်း(၆)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃(က)(ခ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ တို့ကို မူလအဆိုပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်က ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁:၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်က အဆို တင်သွင်းရန်ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၉။**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျာ။ တင်ပြပါ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ရေးအတွက် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၅၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၅၀။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်က ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းကို ကျွန်တော် ဦးအောင်ချိုဦး ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)က ထောက်ခံအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်း ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၅၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၄၈) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၄၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့ကို ၁၁း၅၂ နာရီအချိန်တွင် ရပ်နားပါသည်။]